၀၀၆၃

## အဋ္ဌရာသီဓမ္မသတ် ( ခေ မှ ဂါး အထိ)

ဖြစ်လျှင်းတုံမြောက်။ ကျွန်တယောက်သာ။ လျှော်ပါအပ်လှ။ ငြင်းသူကတည့်။ အဆမတန်။
မြတ်လွန်သူကို။ အောင်ဆိုမူကား။ ထိုယောကျ်ားအား။ မည်းလားပေါ်တွင်။ တင်၍လည်းပါ။
တနည်းမှာသော်။ နှစ်ရာသုံးရာ။ လောဟာလည်းပြ။ ဆံကိုချ၍။ ပြည်မှနှင်စေ။ မဝံ့ချေမူ။
လျှော်ငွေတိသ်။ စီရင်ရသည်။ ။ သို့မှကြောက်မည်မိုက်သွေးတည်း။ ၄၀။ သုက္ကရမှတ်။
ခတ်မစုံသေ။ ငယ်သွေးတန်းစို။ လုင်ပျိုလျှင်။ ဝင်ညိုပြာညက်။ သုကြင်ဘက်ကို။
ပျက်စေပြစ်မှဲ့။ မိတ်ကင်းခဲ့မူ။ သူငှဲဒဏ်မှာ။ တရားသာမှတ်။ ယင်းခတ်ခံမှ။ သင့်နေရ၏။
သွေကလျှော်ပြစ်။ သုံးတွင်နှစ်တိ။ တစ်လျှော်စားပြီး။ မိန်းမကြီးမူ။ နည်တူနှစ်ဝက်။
သုံးကြိမ်ပျက်က။ တစုကျပှာ။ ကုဒယဓာတ်။ ထုပ္ပတ်ညီစွာ။ ပြည့်တဆာကို။ မှားရာသန္ဒေ။
စွဲခြေလျော်ပြစ်။ သုံးတွင်တစ်တည်း။ နည်းသစ်ထုတ်ဆောင်။ သုံးတောင်ကြေးစောင့်။
သန္ဒေကြောင့်သေ။ ငွေကိုယ်ဘိုးစား။ သမီးသားမူ။ ထိုသူပိုင်စေ။ သန္ဒေမဲ့မူ။ လေးတစုကျ။
ကျွန်ပေါင်မနှင့်။ သခင်မြေးသား။ မှားသော်သင့်စေ။ သွေကိုယ်ဘိုးဝက်။ ကျွန်သိလျက်ကို။
ဖျပ်လှည့်တုံညား။ နည်းများမဆို။ ကိုယ်ဘိုးရွေးလတ်။ ဓမ္မသတ်စကား။
နည်းများသောင်းပြောင်း။ ရွေးကောင်းမံ့လော့။ ငွေကျောသပြာ။ သုံးဆယ်သာဟု။
မဟာရာဇသတ်။ ဆုံးဖြတ်သေခွေ။ ထားခဲ့ပေ၏။ လင်သေကညာ။ ယင်းနှစ်ဖြာတို့။
လာ၍ကျားထံ။ မှားဆက်ဆံမူ။ ကျခံပြစ်ပ။ မိဘသိမ်းထွေ။ ပိုင်စေဟုမြွက်။
တက်သက်ဝင်ထွက်။ သိလျက်မိဘ။ မထားကမူ။ လိုတူဖြစ်လျှင်း။ သဘင်တွင်းနိုက်။
မှားယွင်းမှီထ။ ကညာမဝယ်။ ရတုံသန္ဒေ။ လျော်ငွေမြောက်များ။ သားလည်ရွဲထွက်။
ခြောက်ဆယ်မြွက်၏။ ဆက်လက်မိဘ။ လုင်လှကို။ မိန်းမဈောင်ပြေး။ သုံးကြိမ်ပေးထွန်။
ထိုတက်လွန်လျှင်။ ခမ်းဝင်နှစ်ဆ။ မကပြန့်လျှင်း။ သွင်းကျားမရ။ ခိုးမိန်းမကို။ မိဘကသာ။
သုံးကြိမ်ခွါထွန်။ လွန်သော်၄င်း။ ထီးပြောင်းနန်းရိမ်း။ တိမ်းသော်၄င်း။ မခွါကောင်းတည့်။
မကောင်းမူထား။ မယားရှိလင်။ ကညာစင်ကို။ စိတ်ပင်တူစေ။ ဖျက်မိချေက။
လျော်ငွေချိန်တွယ်။ ကောက်တမ်းသွယ်သည်။ ။ ခြောက်ဆယ်မလျော့မအေးတည်း။ ။
ကညာခန်းပြီး၏။ ပိုဒ်ရေ။၅။ ၄၁။ မယားလင်ကွာ။ စီရင်ရာကား။ )ဓါစောရ။ အယျတနှင့်။
နှမအမိ။ ဒါသိအဆွေ။ ပြားထွေသတ္တ။ ရှေးသုံးဝကို။ သားစသမီး။ ပွားစီးပစေ။
စွန့်တိုက်ချေ၏။ သက်ဝေပြာတွား။ ကျန်မယားနှင့်။ နေစားသက်ပန်။ ယင်းတွင်ကျွန်ကို။
အမြတ်ဆို၏။ ကြည်ညိုသြဖြင့်။ လင်နိုက်ကျင့်မူ။ နာလင့်ကစား။ ထားအပ်တယောက်။
ကျင့်မဘောက်က။ ချစ်လောက်တဦး။ သေကြူးပြင်းလို။ လင်ကိုရန်တု။ သုအိမ်လှည့်သွား။
ယောကျ်ားကျွမ်းလေ့။ တခါးမွေကား။ ခြောက်ပါးဒေါသ။ ဓနမဏ္ဍနာ။ ပုမာလောကန။
ဘောဇနေဟု။ လောလငါးတွေ။ မျိုးဆွေဂေါတ္တ။ ဓနဝဏ္ဏာ။ ဥန္နာလေးစု။ ဒေါလော၃ယင်။
ခင်းတပါးပါး။ စုံလှည့်ငြားလည်း။ စွန်ထားမအပ်။ ကွပ်ညှပ်သဖြင့်။ ဆုံမသင့်ရုံ။ မြို့ထိဘွားနူ။
လူသည်စောင့်ထား။ ဘောက်ပြားမျိုးကျင့်။ ငါးဆင့်ကိုစွန့်။ ကျမ်းညွှန်အရ။ ပရှစ်ဆယ်နှစ်။
ဒုရှစ်ဆယ်ရောက်။ လွန်မြောက်မှသာ။ ပဒ္ဒါတြိန္ဒ။ ယင်းသုံးဝကို။ ကာမစွန့်ထွေ။
သစ်နေပိုင်ငြား။ ပမယားကို။ ကွာခြားလိုမူ။ ယူမပါမ။ မဲ့ကပ္ပါးဝယ်။ ဆယ်တွင်တဆ။

ဆင်ထတန်ဆာ။ ပေး၍ကွာလော့။ ဒုမှာအင်ခွင်။ ကွာလျှင်ညီမျှ။ တတိယနိုက်။ နူမကိုလျက်။
ပေါင်းဘက်သည်ကျား။ ဆေးဝါးကုထွေး။ သင်္ဂြိုလ်ဟ်စေရှင့်။ ကျားသွေဥစ္စာ။ ရုပ်ယူရာ၏။
ကြမ္မာလော့က်။ နောက်နူမငြင်း။ သင့်ရုံနှင်း၍။ ရှင်းစေကျားကွက်။ ဥစ္စာနက်ကို။
တဝက်ပေးစေ။ ကျန်နှစ်ထွေနိုက်။ ရေအငွေရတနာ။ ဥစ္စာကုန်စင်။ သိမ်း၍နှင်ဟု။
တိမ်ခွင်ဈာန်မွေး။ မြတ်မုနေ့သည်။ ။ စုံစေ့မိန်မှာနက်လေးတည်း။ ၄၂။ ရမ္မက်ကြီးမား။
နာဖျားဆင်းရဲ။ မိုက်မဲမစွန်း။ အိုရှုမ်းပြင်းရိ။ ဝိကလ္လက။ ယင်းရှစ်ဝကို။ မဆတင့်ကဲ။
ဆွေမိညဲက။ ဆဲစပိုင်ရှောင်။ မကောင်းကျင့်မူ။ ပြင်းရှူးလူကို။ အိမ်သူနှင်ရာ။ နူနာစွဲကြိမ်း။
သုအိမ်ပြစ်မှား။ ထိုနှစ်ပါးကို။ မယားမလို။ ကွာစေဆိုသည်။ ထိုထိုဥစ္စာ။ မသိမ်းရာရှင့်။
ရုပ်ဝါမလှ။ ကုဋ္ဌတဖြာ။ နာတာ႑ည်က။ ကျားမမရွေး။ မကျွေးမွေးမူ။ နေသသူကို။
ရုပ်ယူပစ္စည်း။ ဒါဏ်လည်းသုံးလ။ ယင်းသုံးဝတွင်။ တနိုက်ထူးနည်း။ သည်းမခံသာ။
လုတံထွာကြောင့်။ ပန်ထွာသဖြင့်။ သင့်နေလင့်လည်း။ ခွင့်ပေးစေမြွက်။ ချက်ပြုတတ်ကျွမ်း။
ဆေးကွမ်းပြင်တပ်။ ဝတ်စားလျှော်ဘွတ်။ စောင့်ကြဥစ္စာ။ ပိုင်းဝါလုပ်လေ့။ လင့်ရှေနိုးကြား။
အိပ်စားနှောင်းပြု။ မူတိုင်းပန်ဆို။ သာချိုစကား။ မသွားသုအိမ်။ မွေ့သိမ်လက်က။
ဆုံးမတိုင်းနာ။ ဤအင်္ဂါနှင့်။ စုံပါလျက်ကဲ့။ မျက်ဘွဲ့ဆဲရေ။ ဒါဏ်ပေးပုဒ်ခတ်။
ပြုလတ်တုံငြား။ ထိုယောကျ်ားကို။ ကြီးမားမင်းဒဏ်။ ခံစေညွှန်လျှင်း။ ထိုဂုဏ်ကင်းမူ။
ခပင်းပရိသ်သတ်။ ကြားသိတတ်အောင်။ ပုတ်ခတ်ဆဲပိုင်။ ပည်းလိုင်ပွါးလူ။ ဆည်းပူးဥစ္စာ။
အိမ်ယာဆောက်ပေး။ ကျွေးမွေးတတ်ငြား။ ကျွဲနွားစောင့်ရှောက်။ ပုံထောက်မျိုးဆွေ။
ဂုဏ်ရှိပေလျက်။ မထေလေးစား။ မယားဆဲက။ ကျစေမင်းဒဏ်။ ကင်းဘိထွန်မူ။ အိမ်သူမိညဲ။
ဆဲစေကြိမ်စေ။ ပြစ်မဲ့ချေလျက်။ မချေမင်။ နားထံသင့်လား။ ရိုးစွပ်မှားသည်။
မယားနှုတ်ကြမ်း။ နောင်မသွမ်းအောင်။ ဝါးချမ်းကြိုးခေါက်။ နှင့်ခါးကျောက်ကို။
ရွံ့ကြောက်ရုံသာ။ ဆုံးမရာဟု။ စည်လာပဝေသဏီ။ နည်းကိုမှီသည်။ ။
ထုံးညီစံကျတပြေးတည်း။ ၄၃။ ရာဒီအဆ္ဍ။ ဝေသနှင့်ဒုက်။ မူလထုတ်ပြီး။
ဇက်ဒုက်တိတ်ဟုတ်။ စတုတ်ပဥ္စက်။ ရှော့ရှက်ပေါင်းဘွဲ့။ ခုနှစ်ဆဲ့ငါး။ မူလီထား၍။
ကျားမငယ်ချင်း။ ကြီးချင်းနှစ်တရား။ ပွားလော့အကယ်။ ရာ့ငါးဆယ်ဟူ။ နှစ်တူတစ်ငြင်း။
ပြစ်မကင်းကွာ။ သုံးဖြာမြှောက်က။ လေးရာ့ငါးဆယ်။ ပွားကြွယ်မြှောက်များ။ ဂိုသည်များတွင်။
ကျားမမင်းမျိုး။ မြတ်နိုးမဲ့မူ။ စိတ်တူကွာခြား။ ဝတ်စားအလိုက်။ ဤနိုက်ဘိုးကျ။
မတူကြသော်။ ကြွသူကနှင်း။ ပါမင်းညာဏ။ ကျန်သုံးဝကို။ နိသယဒွိ။ နိသိဇေ။
တူထတူပေး။ ကြွေး၄င်းတည်။ တနည်းမှာကြွေး။ ဇနိသယ။ နိသိတဒွိ။ ပုနျှင့်ခိလည်း။
ဘမိလိုက်မှီ။ ကိုယ်စီရောင်းရာ။ ပုမာခိပိ။ ရောင်းမှီတဝက်။ ပက်လော့ဆိုင်ရာ။
မာသော်မီသော်။ သေသော်မူရောင်း။ နှောင်းတူစားကြွေး။ နှောင်းမွေးမဲ့မူ။ ရောင်းစေဟူ၏။
နှောင်းသူနောက်မြင်။ ရှိလျှင်နှေင်းသု။ ခံတွင်းစုကို။ ဆိုင်သုထံပေး။ အခြားကြွေးမှာ။
မယောင်းရာတည့်။ ကွာလိုသူအား။ ဝတ်စားမင်းဘေး။ နှင့်ကြွေးတရားခံ။ မခွါချံသူ။
ယူရှိသမျှ။ ဣဏာခနေ။ နှစ်ဝကင်းဝေး။ မင်းပေးချည်းမူ။ ပေးသူထိုက်တန်။ သက်ပန်မဟူ။
သူကမျိုးလျှောက်။ လျှော်ပြစ်ရောက်ရှင့်။ သယောက်အိမ်သူ။ ထားမူကိုယ်ဘိုး။ မယားခိုးပြစ်။
မွေနှစ်တကွ။ သိမ်းခံရ၏။ ကျားနှင့်နှောင်းသူ။ ထားမူကြွေးခံ။ ပစ်ယံပစ္စည်း။
ကိုလည်းရုပ်ဆိုး။ မွေးတိုင်းကိုယ်နှင့် ။ ချင့်ကိုနှင်ဟူ။ နှုတ်ပူလက်ကျန်။

ညှည်းပန်းကြူးကျော်။ လင်ပြုသော်လည်း။ တကြိမ်တည်းဖြင့်။ ရစ်စည်းသိမ်းအုပ်။
ချစ်မရုတ်လင့်။ စာချုတ်ပေါင်းသင်း။ ယင်းကိုအိမ်သူ။ ငြင်းမူချုတ်နှောင်း။
ကျားမကောင်းလျှင်။ မကငြင်းမူ။ စိတ်တူကွာရ။ ချုတ်ထရေးနှောင်း။ ကျားစောင်းတုံလျှင်။
ပြစ်တင်၍ကွာ။ သည်းလျှာဇနီး။ အိမ်ဘောင်ကြီးမူ။ နှစ်တူတစ်ငြင်း။ ပြစ်မကင်းကွာ။
ယင်းသုံးဖြာနိုုက်။ ပါကောင်းမွေများ။ ပါသူစား၍။ စုံပွားကောင်းမွေ။ နှစ်ဆွေရင်းပွါး။
မြီနှစ်ပါးကို။ ပြစ်သွားသည်လျောက်။ ရှေးနည်းထောက်လော့။ နှစ်ယောက်ပါရင်း။
မင်းပေးတထွေ။ သင့်နေပြီးနောက်။ ရောက်သည့်အမွေ။ သုံးထွေကိုရင်း။ ထားပြီးရင်းမှ။
ပွါးကပွါးမှတ်။ ဇောဇောစတ်ကြွင်း။ တရားခင်းမူ။ ဤနည်းတူဟု။ ဇမ္ဗူတလွှား။
လွှမ်းကြားစိမ့်မည်။ ဆော်ရွှမ်းလည်သည်။ ။ အောင်စည်သံအိမ့်ရိုက်ကြွေးတည်း။ ၄၄။
ကျားအိမ်တောင်ကြီး။ ဇနီးကညာ။ ယူမကြာမီ။ ဥစ္စာထွေပြား။ မပွားစီးခင်။ ကျားကနှင့်မူ။
ဝင်္ဂဝုတ်မည်။ အရည်ကျားညံ့။ ဖြစ်အံ့ကြိုင်လျောင်း။ ပန်းနားတောင်းစုံ။ တူစုံမူကား။
ထိမ်းမြားကာလ။ ပါသမ္ဗျသာ။ မပါကျားကျွန်။ ကိုယ်ဝန်ရှိက။ ကျွန်မတယောက်။
ပေါက်ဘော်စပ်ထွေ။ သန္ဓေရှိမရှိ။ ဒါသိဒါသ။ ပေးလိုက်ရ၏။ မအိမ်ပျက်ဘူး။ ရွှယ်လူးလုင်။
ကွာလျှင်ဝတ်စား။ ကျွန်တစ်ကျားသို့။ ပါးလော့မက။ ခနအင်ခွင်။ မပွားခင်မူ။ စိတ်တူကွာစေ။
လင်သွေကာမ။ ကညာလျတို့။ ဒါသနှင့်ညား။ကွာညားတုံလပ်။ ကိုယ်ဘိုးလွတ်၍။
ဝတ်စားအစုံ။ ပေးဘိတုံရှင့်။ ကျွန်လက်ဆုံစား။ မယားကိုတိ။ လင်ကွာဘိမူ။ ပွါးရှိအမျှ။
ကိုယ်ဘိုးမှလည်း။ ကင်းရ၏တည့်။ တနည်းကိုယ်နေ။ ငွေမလွတ်ငြား။ နှောင်းမယားကြောင့်။
ကျွန်မယားကြီး။ ခြားသီးလိုလတ်။ ဘိုးလွှတ်ပွါးမျှ။ တနည်းကမူ။ ဘိုးကျလည်းဆပ်။
ကင်းလွတ်အပွါး။ ဝယ်မယားကို။ ကျားကဖြစ်စေ။ မဖြစ်စေတည့်။ ကွာချေတုံလျှင်း။
ဘိုးရင်းယူငင်။ ဝယ်လင်ကိုမ။ ကွာကဘိုးလွတ်။ ကျားကွာလပ်မူ။ လွတ်စေမဆို။
နှစ်ကိုယ်အိမ်ခြား။ နေစားကွာမူ။ အုပ်သူမဲ့မှတ်။ အမြတ်မိဘ။ ထံပြန်ကလျှင်။
ရှေးကချစ်စည်း။ ရည်သသူဟု။ စိတ်တူစေကာ။ အုပ်မကွာ၍။ နှစ်ဖြာမိဘ။ ပေးမှပိုင်စေ။
လက်ရှိဆွေကို။ ကွာချေငါနှင့်။ သင့်အံ့ဟူမြောက်။ မမှန်ဘောက်သော်။ ကျပေါက်သမျှ။
ဘောက်သူကချည်း။ တနည်းမှာမူ။ မဘောက်သူက။ ရုပ်ယူဥစ္စာ။ သူတော်စွာတို့။
သက်လျှာငယ်ကြီး။ ဥစ္စာသီးကို။ နှောနှီးလိုကြူး။ မကူးလူးနှင့်။ ကူးသမျှပြန်။
မင်းဒဏ်လည်းပြ။ မြောက်မအထွက်။ နှောင်းသူတွက်ကို။ ကွက်ခဲ့တုံပြီး။ အိမ်တောင်ကြီးတို့။
လိုသီးပိုင်နင်း။ ပါခဲ့ရင်းကို။ ဘော်ချင်းနှစ်ကိုယ်။ မပန်ဆိုပဲ။ အလိုရှိရာ။ ပေးခါပိုင်စေ။
သို့မှာပေလည်း။ ဆွေမိညဲတွင်။ လင်သခင်ဟု။ ထင်ထင်ပြို့ပြို့။ ရှိပြန်ခဲ့၍။ ရုပ်သဲမကြွင်း။
ပေးနှင့်ဥသုံ။ မဟူတုံသည်။ ။ သင့်ရုံနှိုင်းချင့်ထောက်ထွေးတည်း။ ၄၅။ အပေါင်းသုံးလီ။
သုမည်ဆပ်ရ။ မြီကျနှင့်သွင်း။ ပိုင်ရင်းကျွန်မ။ ယင်းခြောက်ဝကို။ တကွလက်ဆုံး။
ကြုံပြီးမှကျား။ ကွာလိုငြားမူ။ စုံပွားကောင်းစွ။ ယူစေမယား။ သားသ္မီးရှိ။ မိလိုက်ဘရိုး။
ကိုယ်ဘိုးအသွင်း ။ ပါရင်းကောင်းမွေ။ နှစ်ထွေရင်းပွါး။ မြီကိုကြားက။ ခံစားစေလျှင်။
မကငြင်း၍။ တိုးရင်းဆပ်ရာ။ လင်ကြည်သာမှ။ ဆပ်ကွာရ၏။ သန္တကမယား။
ကျားကွာလိုလည်း။ ကိုယ်ဘိုးဆပ်စေ။ မကသွေမူ။ လင်ဆွေညြှိမှ။ ဆပ်ကွာရ၏။
သက်မျှဇနီး။ ကြီးရှိလျက်တုံ။ လက်ဆုံပြိုင်စား။ သုံ့မယားကို။ ကျားကွာလိုထွေ။
စစ်မြေပါနက်။ ဝက်ကိုဝက်၍။ သုံ့လက်သို့ပေး။ သားမွေးဘိုးလွတ်။ ခိမွေးလတ်က။

ဘိုးဝက်ကျ၏။ မဲ့တမြိတ်စွန်။ ကိုဘိုးတန်ကို။ ပြန်စေမက။ ကျန်သမျှမှာ။ ကျားကခံစံ။
သုံ့ခွာချန်သော်။ ဝေးလံကောင်းမွေ။ ကိုယ်ဘိုးငွေလည်း။ ဆပ်စေဟုမြွက်။ တင်မြီနက်လည်း။
တဝက်ဆပ်ရာ။ စိတ်တူကွာမူ။ မြီပါမွေစု။ သုံးဘို့ပြု၍။ တစုမယား။ နှစ်စုကျားတည့်။
ထက်မယားနှင့်။ ကျားကွာမကွာ။ နှစ်ဦးကွာနိုက်။ သုံ့ထိုက်သမျှ။ လုပ်ပြီးမှလျှင်။
တရားအလျှောက်။ ချင့်ထောက်တွေးဆ။ ဘမ်းရမယား။ ကကွာခြားသော်။ ကျားသို့ကိုယ်ဘို့။
ပုံဘိုးခဲစေ။ မြီရှိခြေလည်း။ သည်ဆွေဘမ်းရ။ ကျစေခံစေ။ ဆွေမဲ့မျိုးမဲ့။ ဖြစ်တုံခဲ့လျှင်း။
ကိုယ်ဘိုးတွင်တည့်။ လင်ကွာလိုလည်း။ ပစ္စည်းနှင့်ကြွေး။ ရှိမဲ့ဆေးပြီး။ လေးစုတစု။
မဘို့ပြု၍။ ယင်းတခုနက်။ ကိုယ်ဘိုးတွက်ကို။ ကျားလက်ပေးထွန်။ မြိတ်စွန်ရှိလတ်။
ကိုယ်ဘိုးလွတ်ရှင့်။ သက်မှတ်တမျှ။ ဆွေလက်ရကို။ ကျားကကွာလျှင်။ ခပင်္ဂူဉစ္စာ။
ကျားသာပိုင်နက်။ သက်ဘိုးလည်းတောင်း။ မကောင်းသမျှ။ မကခံလျှင်။ မငြင်းတုံက။
နှစ်ဆသက်ဘိုး။ တက်၍တိုးလော့။ သုံးမျိုးအိမ်မှု။ တရားစုကား။ ရောရှုထုံးခမ်း။
ရှေးကငြမ်းတိ။ ကျမ်းဓမ္မသတ်။ ရာဇသတ်အစုံ။ မှတ်ပုံဖြတ်ထုံး။ စီရင်ထုံးနှင့်။
နည်းထုံးညီလစ်။ အဆီညှစ်၍။ စီစစ်နှောနီး။ နာမငြီးသည်။ ။ ပြီး၏နက်ထံပျန့်မွေးတည်း။ ။
အိမ်မှုခမ်းပြီး၏။ ပိုဒ်ရေ၁၅။ ၄၆။ ကြွေးဆက်မြီစည်။ စီအလျည်ကို။ ညည်သံလျက်လျှည့်။
ဖျက်တွက်ရည်ပိမ့်။ အစည်အတိုင်း။ လိုင်းလော့မက။ မြီလေးဝကား။ ဟိနရာဇ။
အၶသေဿာ။ လေးဖြာမြီစား။ စည်လျားမှတ်လျှင်။ မြီရင်းကိုသာ။ ရာစုတစု။ တဗိုလ်ပြု၍။
ဇက်ဒုဇော့ဗျည်း။ တနည်းဒိက်တုက်။ စတုတ်ပဥ္စက်။ လထက်မယွင်း။ ဗိုလ်ဘွဲ့ခြင်းတည့်။
ရင်းပွားမဆပ်။ ပွားဆပ်ရင်းဆပ်။ နှစ်ရပ်ပေးကြွင်း။ ဆိုရင်းတိုင်ထက်။ နှစ်ဆတက်ဟု။
မြီတက်ထောက်ရှု။ ယင်းခြောက်ခုတွင်။ ပဒုမှာတက်။ ဒုသာတက်ဟု နှချက်ကွဲထွန်။
ကျန်မတက်ရ။ ဆိုကဆိုတိုင်း။ နှစ်ပိုင်းလရက်။ ပွားရှိလျက်လွန်။ နှစ်ပြန်ဆပ်ဘိ။ ပွားမရှိက။
လတွက်၍တိုး။ တိုးမရှိမြောက်။ ရက်မရောက်မူ။ ယူရင်းမျှသာ။ ဆပ်တို့ရာ၏။ ယာခန္တိက။
ဒေမတုဏှိ။ နဒေမိဤ။ မြီလွှဲခြင်းလေး။ ရင်လေးဆပ်ကြွင်း။ ကင်းလွတ်ရာဘိ။ သာမိဏာယိ။
ယာစိတက။ စုံညီကျလျက်။ ဒုကပေးမည်။ တထောင်းမည်ဟု။ ဆိုမည်စမြဲ။ မြီလွှဲသုံးလီ။
မညီမမြောက်။ မှုလျော့ဆောင်လေ့။ ပြကတေ့ကောင်းကျင့်။ မှုခွင်ကူညီ။ မြီတောင်းလေးပါး။
ကျားကိုဝတ်စ။ မခြေမတည့်။ မေရယမြီတွက်။ မြင်ဇက်ဆွဲရှောင်။ လောင်မြီချင်းဆောင်း။
နည်းတကြောင်းကား။ တောင်းအပ်ကိုင်အပ်။ စေအပ်သုံးပါး။ မြီစားမြှတ်လျှင်။ ပတွင်တုတု။
ပဒုယုတ်က။ ပဒုတမြွက်။ ရက်လနှစ်ချိန်။ ကိန်းမယောက်မီ။ ယွင်းဘောက်တိန်းစောင်း။
တောင်းတဝက်ရိုင်။ ကိုင်မြီလုံးပြေ။ မြီနေလူနေ။ မမျှချေလျှင်။ ပန်းစိမ်းဆင်လျက်။
ဘုန်းခွက်စွဲထ။ ဣဏာသာမိ။ ရှိကတိုင်ပေ။ တောင်းစေသတည်း။ မြီပင်လုည်းမှတ်။
မြီကင်းပြတ်၏။ မတတ်ကုံအား။ မြီစားကိုလျှင်။ မြီရှင်များက။ ရောင်းဘိုးကျကို။
မျှယူတုံလျှင်။ မြီတလင်းမှတ်စွဲ။ မြီဘောင်ခွဲဟူလို။ ပြေစေဆိုက။ မတောင်းရပြီ။ မြီအင်မတန်။
လွန်လျှင်စိုးမင်း။ အရင်းဆပ်ပြီး။ ရင်းနီးလည်းမ။ လူညံ့လှသော်။ သူတော်ပရိတ်။
ထိပ်ထိပ်မွှန်းလတ်။ဝတ်ပြုဆင်ရင်။ မြီရှင်တို့အား။ ပန်ကြားတိုင်တန်း။ မကာရ်းပတ္တမြား။
ကရားနိထုံ။ ရေဟုံသက်ဆင်း။ ဘေးကင်းစေလတ်။ လွှတ်သည်ကိုလည်း။ တနည်းမယွင်း။
မြီတလင်းမှတ်။ နာဂါတ်ချင်းဝယ်။ ကောင်းကြွယ်စေကာ။ မတောင်းရာဟု။ သေချာကျမ်းဂန်။
ကမ္ဘည်းကန်သည်။ ။ မှတ်ရန်ဆန်းကြယ်မြောက်များတည်း။ ၄၇။ ခံတမ်းခြင်းမှာ။

ကျမ်းအလာကား။ ယူရာတောင်းရာ။ နှစ်ဖြာမှတ်ထ။ ယူကာလနိုက်။ သာမညအား။
တပါးသာမျှ။ ဝိသေသမူ။ ဘိုးဘမြေးသား။ မြီစားလည်းဖြစ်။ မြီတိုင်ဖြစ်သူ။ ယူစည်တိုင်ငြား။
အတူစားပင်။ သခင်ဆရာ။ ဆွေညာသိသ။ မြီစားကသွင်း။ မြီရှင်သွင်းဟု။ ဆဲနှစ်ခုဖြစ်။
ဧက်ကဒသ်ရောက်။ ဤဆယ်ရောက်ကား။ ရင်းပွားဆပ်မှု။ ရုရုမြှောက်မူ။ မြီယူသေသော်။
ရှောင်သော်ရင်းသင့်။ မြီဆင့်အပွား။ မြီစားမဆိုင်။ မြီတိုင်ဘို့ချည်း။ တနည်းမှာကား။
မြီစားမြီတိုင်။ အမျှဆိုင်လျှင်။ မြီရင်း၏ပွား။ မြီစားဆပ်စေ။ ရင်းပြေမှရှောင်။ ခံဆောင်သူက။
အပွားတဝက်။ ထိုက်သက်မမှား။ မြီစားရောက်က။ နှစ်ဆတောင်းတိုက်။ လိုက်စရိတ်ဝယ်။
ဆယ်တွင်တဆ။ သုံးဆတစု။ တိုင်သုတွက်တာ။ ကြွင်းမှာသော်မူ။ မြီယူဘို့မှတ်။
ဒွါသဒ်မြှောက်ငြား။ ယင်းတရားနိုက်။ မြီစားပြောက်ပျက်။ အရင်းဝက်တည့်။ လိုက်တွက်မှာမူ။
တိုင်သူမြီရှင်။ မျှပင်ခံစေ။ မသေမပျောက်။ ဆပ်မြှောက်ပွါးနက်။ တဝက်တိုင်သူ။
ယူစေတုံရှောင်း။ မည်တောင်း ကြောင်းချင်း။ ခံတမ်းချင်းမူ။ လူကိုယ်မြီကိုယ်။
နှစ်ရပ်ကိုယ်တည့်။ တိုင်ဆိုမိငြား။ စကားလိုက်ဆပ်။ အပ်ခြင်းလေးခု။ ပဒုဆိုလျှောက်။
သုံးဆင့်မြှောက်ကား မြီစားနှင့်မြီ။ ကျွန်နှင့်မြီတွင်။ မြီကိုဆပ်မူ။ မြီယူကင်းထွန်။
ကျွန်မြီဖြစ်ငြား။ နှစ်ပါးလုံးအပ်။ နည်းတရပ်မှာ။ ပီမာတဝ။ ကနိဋ္ဌနှင့်။ ဇေဋ္ဌအစ်မ။
နှမဟူလျှင်။ သားချင်းငါးမှတ်။ ခံဝန်လတ်၍။ မလွတ်မီကြား။ မြီစားပြေက။ အပ်ရ၏ဟူ။
အခြားသူလျှင်။ ခံမူလွတ်မှ။ ပြေးလကတည့်။ အပ်ရတုံရှောင်း။ မြီမတောင်းအပ်။
ရပ်ခုနှစ်ခမ်း။ နိဒါန်းဝယ်သာ။ ပါပြီမှတ်ပိုက်။ ဤနိုက်ထူးကား။ နှစ်ကူး စစ်ရေး။
မြို့သန္တေးမှတ်။ နက္ခတ်တရား။ ငါးပါးရပ်ကောင်း။ တောင်းမူကိုင်မူ။ မြီဟူသမျှ။ ခနမကြွင်း။
ခပင်းပုံရင်။ ဆုံးကုံစည်သည်။ ။ မြီရှင်အလွှန်မှောက်မှားတည်း။ ၄၈။ သက္ကရာဇ်ထွက်။
ချေးငွေနက်က။ အထက်ပြန်ဆပ်။ ယင်းတရပ်တည့်။ ချေးအပ်ရင်းစီး။ ဆပ်နည်းတုံလျှင်း။
ယင်းကိုယင်းပြု။ လယ်ထွက်စုနှင့်။ နှိမ်ခုအဖြေ။ ဖြေအံ့တတန်။ ကျွန်စာရင်းမှတ်။
မပြတ်လုပ်ခွန်။ ပေးမည်မှန်ဟု။ ဆိုဟန်တချက်။ ချုပ်ရက်အညီ။ မဆပ်ဘီသော်။
ထိုဤပိုင်စေ။ ဆိုထွေတကွဲ။ မည်လွှဲချုပ်မှတ်။ ဈေးလပ်တခု။ ကောင်းမူ ဘန်ဆင်း။
ရင်းပွားဆပ်မည်။ ဆိုသည်တခြား။ စကားခြောက်ခမ်း။ သုံးခွန်းမြှောက်တွင်။ လုပ်ခွင်ဝင်နှင့်။
ရင်းတွင်နှစ်ဆ။ မီကပြေရာ။ လေးမှာယွင်းက။ ယင်းနှစ်ဆတဥ္။ သွင်းမရကောင်း။
သွင်တုံရှောင်းက။ ဆပ်ရရင်းပွား။ ပွားမရောက်ခင်။ သွင်းလျှင်ရင်းသာ။ ကျန်လေးဖြာနိုက်။
စာချုပ်အလိုက်။ မစွဲတိုက်လျှင်း။ လက်ရောက်ရင်းမှာ။ မှတ်ပါနှစ်ဆ။ ပဋ္ဌမထူးချက်။
ချုပ်ထွက်တိုင်းဆပ်။ စပ်မူဝက်စီ။ ခြောက်လီမြှောက်တွင်။ ထူးသည်အင်မူ။ မြီယူကျင့်တန်။
မင်းဒဏ်သင့်စေ။ ဤခြောက်ထွေကား။ မြီရှင်အားကို။ မြီစားလှည့်ပတ်။ တရားမှတ်လော့။
မတတ်ကုံအား။ မြီစားနွမ်းလျ။ မြီရှင်ကသာ။ ကိုယ့်ငါကိုသု။ ဥစ္စပြုချေး။ ဆပ်ရေးတတန်။
ချိန်ပြန်ရင်းစီး။ ဆပ်နီးတုံလျှင်။ မြီရှင်ဥစ္စာ။ အပ်ရာညွှန်ပြ။ ယူရမြီစား။ ဆပ်ငြားတချက်။
ရင်းပွားတွက်ကို။ ဆပ်ရက်စေ့ထွေ။ ခြားသုငွေနှင့်။ ဖြေလှည့်လသေး။ ပြန်ပေးမည်၍။
ဆပ်သ၍ကြေး။ မပေးတခြား။ ရင်းပွါးမည်ရပ်။ မဆပ်နိုင်ချေ။ ရွှေငွေစပါး။ ဆင့်ပွါးတအင်။
သက်ရှင်ဥစ္စာ။ တန်ရာပြတ်လျှင်း။ ငွေစာရင်းဖြင့်။ ချေးခြင်းတခု။ ငွေချေးဟုမှတ်။
မြတ်တူရောင်းလေ။ စေသည်တခန်း။ ခြောက်ခွန်းအနက်။ ရှေးနှစ်ချက်မူ။ နောက်ယူသမျှ။
အရင်းကျတည့်။ တတိယတွင်။ မြီရှင်ယူတိုက်။ လေးခွန်းနိုက်မူ။ ယူရင်းနှစ်ဆ။ တနည်းပြအံ့။

ငွေပေးစရို။ သိလော့ထပိုင်း။ စပါးမျိုးမှာ။ လေးဆသာတည့်။ ငါးပြာချုပ်ဘိ။ နှုတ်ဂတိနိုက်။
ငွေပေးမိက။ နှစ်ဆထိုက်လျှင်း။ မသွင်းဘူးထွန်။ ယူတိုင်းပြန်စေ။ သေမူနှစ်ဆ။
ဆယ်ရက်မျှတွင်။ နွားခေါင်းအရေ။ ပြနိုင်ပေမူ။ လွတ်စေအသန့်။ လိုလွန့်ရောင်းက။
ငွေတိုးကျ၏။ ဆဋ္ဌစကား။ ရှုံးအပွားကို။ မြီစားတာဝန်။ ရင်းနှစ်ပြန်ကျ။ ပေးဆပ်ရ၏။
ပကာစရောက်။ မြီရှင်ကောက်ကို။ နောင်ကြော်စိန့်လတ်။ ခတ်လော့မင်းဒဏ်။ စီရင်ရန်တည့်။
အလွှန်ရှုတ်ထွေး။ မြီပေးလူကောက်။ မြီယူမှောက်အောင်။ ထောက်မမျှောလတ်။
စာပေမှတ်သည်။ ။ လှည့်ပတ်ခြင်းရာခြောက်ပါးတည်း။ ၄၉။ မြီရှင်တဦး။ အထူးကြံ၍။
ကျွန်ခံမှတ်ရေး။ ထပ်ပေးငွေနှင့်။ စေလွှတ်ဘောက်ကား။ သွားသည်တရပ်။ ထပ်ငွေပြန်ယူ။
ကျွန်ဖြစ်မူ၍။ စေသူတခြား။ မြီစားပိုင်နက်။ သက်ရှိမဲ့ကို။ တွက်ဘွဲ့ဘိုးတန်။
ဝယ်ဟန်သိမ်းယူ။ သူလည်းတချက်။ ယင်းအနက်တွင်။ မြွက်ခဲ့အစ။ ပဋ္ဌမနိုက်။
ရောင်းရရင်းပွား။ ဒုစကားမှာ။ မြီစားကိုရောင်း။ သောင်းပြောင်းငွေရ။ တတိယနိုက်။
မြီစားပိုင်နက်။ သုံးချက်ဤရင်း။ များခပင်းကို။ ကျွင်းမြီရှင်များ။ မှု၍စားရှင့်။ ဤကားမြီယူ။
မြီပေးသူတို့။ အတူလှည့်ပတ်။ မှတ်လော့သုံးပါး။ များသည်မြီယူ။ ခံသူတယောက်။
မြီစားပျောက်က။ မြီများလှမူ။ ရင်းမျှဆပ်စေ။ နည်းထွေရင်းပွါး။ ကုန်မသွားမူ။
သွားသူအတွက်။ ခံဘက်အများ။ မြီစားတစ်ပျောက်။ ရင်ပွါးရောက်တည့်။ ပျောက်တုံခံဝန်။
တယောက်ကျန်မှာ။ ရင်းသာဆပ်မြွက်။ ချင်းတွက်သာဟူ။ ကျန်သူတို့အား။ သိကြားလျှင်ပြ။
ငြင်းကပွါးရင်း။ ဆင်းရဲပြင်းက. ကိုယ်တွက်ကျမှန်။ ခံဝန်သူအား။ မြီစားဆိုမိ။ ပြစ်မရှိချေ။
မြီစားသေလျှင်း။ ရင်းတိုင်သူဘက်။ ရင်းပွါးဝက်သား။ ရင်းဝက်သာဟု။ မှာ၏လသေး။
ပြေးသော်ပွါးပါ။ နောက်လာတွေ့မူ။ တိုင်သူမြီရပ်။ ဆပ်နှင့်သမျှ။ နှစ်ဆမြီယူ။ ပေးစေဟူ၏။
တိုင်သူကိုင်ထား။ မြီစားကိုလျှင်။ မြီရှင်ခံသော်။ လွန်ကျော်မြီပေး။ ချေးသသူကို။
တောင်းဆျတုံသော်။ မလျော်ကြောင်းချင်း။ တိုင်သူကင်းငြား။ နောက်စကားမှာ။ တရားတိုင်သူ။
ခံစေဟူ၏။ မြီယူကိုထွန်။ ခံဝန်သူလျှင်။ မြီရှင်ထံသွင်း။ ပြေတုံလျှင်းက။ အရင်းဆပ်ရေး။
မြီယူပြေးလျှင်။ ဆပ်ပေးလာရာ။ ပ်သူကိုတောင်း။ နည်းတကြောင်းမူ။ တူမဟုတ်ချေ။
စေ၍ဆပ်လာ။ သူမှာသော်ကား။ တရားကင်းကွာ။ တနည်းမှာမူ။ ဆပ်ပါသူလွတ်။
ယူလတ်စည်ပါ။ သူသာရင်ကျ။ သေကရင့်နက်။ တဝက်သာပေး။ မြီရှင်ကိုတုံ။ မယုံစသာ။
ပါသူယူမှ။ ဆိုကဆိုလျောက်။ ယူမြောက်နေ့လျား။ ဖြစ်လှည့်ငြားလည်း။ မြီစားအရင်း။
ကိုအပ်လျှင်းက။ ကင်း၏စာဝင်။ မြီဂှင်၏ထံ။ ခံသူချည်းသာ။ ယူလာမူကား။
ရင်းပွားဆပ်ရေး။ ကြွေးအထွေထွေ။ မပြေသမျှ။ ကာလအတွင်း။ ခံရင်းသသူ။ မလွတ်ဟူ၏။
မြီယူကိုသွင်း။ မြီတိုင်ကင်းငြား။ နော်ပြေးသွာလည်း။ တိုင်စားရင်းသူ။ ကင်းစေဟူရှင့်။
တိုင်သူတို့မှာ။ ခံဝန်လျာကို။ သေခြာပြင်ပြင်။ ကမ္ဗည်းတင်သည်။ ။
မြီတွင်ခိုင်ကျကော်စားတည်း။ ၅၀။ ရတနာဆယ်ပါး။ စွားခုနှစ်။ ဝါးသစ်ဟူသမျှ။
နှစ်လည်ကမူ။ နှစ်ဆတက်စေ။ စားသုံးချေ၍။ ကျေစကောင်းသား။ သတ္တုများနိုက်။
အပွါးသုံးဘန်။ ချိန်ပြန်ထောင်းပြန်။ ထုံးမှန်စည်ရေး။ သုံးနှင့်လေးတည့်။ မြီကြွေးလုပ်ခွန်။
မှန်ကတိုင်ဘက်။ ထံပိုးတက်က။ မြီသက်ကုံငြား။ စွားပေးမည်။ ငွေချေးသည်နိုက်။
လရှည်နှစ်လျား။ စွားကိုသော်။ ငွေကို သော်တည့်။ မပေးလှည့်က။ ချေးသည့်ငွေမှာ။
နှစ်ဆသာပြ။ ပေးစွား။ ရှိငြားသုံးဆ။ တကျမ်းကမူ။ ကျန်သမျှကို။ လရှိတိုင်းတက်။

မြွက်၏အမှန်။ နှစ်လွန်ချစ်ဆ။ တက်ပြီးမှကြွင်း။ ယင်းကိုမူကား။ မပွါးစကောင်း။
နှစ်တောင်းစွာလှ။ သုဘက္ခနိုက်။ ချေထစွား။ ရှားစည်ရှိလျက်။ မဆပ်ချက်ကြောင့်။
နှစ်တက်တောင်းထုပ်။ သိုမှုတ်ရာတုံ။ ရှုန်း၍ဆပ်ကြွင်း။ ဝပြောလျှင်းမှ။ ရှင်းသောအထူး။
ကျေးဇူးနှင့်ကွ။ ပေးဆပ်ရ၏။ နှစ်လများစွန့်။ အညွန့်စားလည်း။ ချေးရားရင်းမှာ။
မဆုံးသာတည့်။ သည်းလျာဆွေနည်း။ ဆုံးစည်းမဟူ။ လိုလွန့်မူလျှင်။ ယူမြီကိုတိ။ အသိအရှိ။
တောင်းမိမူကား။ ရင်းပွါးကိုကြီး။ စိတ်ဝက်ရင်းငယ်။ တော်ဖြင့်ဝယ်ကား။ ပွါးသုံးတဆ။
ရင်းတကွတည့်။ ရင်းကျပွားကျ။ သုံးဆတွင်ဇ။ လေးဆတွင်ဇက်။ သုံ့နြည်းလှစ်ရှင့်။
ကျွန်ဖြစ်တုံလျှင်း။ အရင်းဆပ်ရ။ ရင်းလေးဆပြု။ သုံးစုဆပ်ရာ။ ရင်းပါပွါးပါ။
လေးဖြာတွင်ဆုံ။ ဆပ်မြဲထုံးတည့်။ လုံးလုံးမသိ။ ဖြစ်ဘိကင်းစေ။ သို့မှလေလည်း။
နှစ်ဆွေသုံးစွဲ။ စစ်ပွဲချီရာ။ စသည်မှာနိုက်။ မကင်းတိုက်မြွက်။ မင်းမှုတွက်မှာ။
ထမ်းဘက်ဆပ်မြို့။ ကိုယ်တွက်အသီး။ ဖါးဆီးလောင်းမြီး။ သုံးလီမှာကား။ မငင့်ကျားတည့်။
ကျားငင့်မဝယ်။ မတွယ်ပေသင့်။ ခံဝန်လင့်က။ လွယ်ခွင့်မမြင်။ ရှင်ရဟန်းသား။ သုမယားကို။
ကျားမသိလျက်။ ကြွေးမြီရှက်က။ သက်သက်ဆုံးပါး။ လင်လိုးစားမူ။ ဆပ်စေဟူရှင့်။
သူ၏သက်နံ့။ ဝင်းညက်စံအား။ ဆက်ဆံကျေးငွေ။ များထွေကိုတိ။ လင်မောင်ရှိလျက်။
မသိအခွင့်။ ကျေးပေးလင့်မူ။ ကျေးရင်းတဝက်။ ပစေမြွက်သည်။ ။
ယွင်းရက်တံထွာဘောက်ပြားတည်း။ ၅၁။ အိမ်တောင်ကြီးခြင်း။ သက်နှင်းပြီးကွာ။
ကိုယ်ငှါကိုယ်စီ။ မြီမရှက်စပ်။ ဆပ်လောခံသူ။ သေမူကျန်က။ ဆပ်ရတုံရှောင်း။
သစ်ဟောင်းကျားမ။ မကူးရဘိ။ အသိအကြား။ တောင်းစားဘူက။ သာမျနှုတ်ရည်။
ပေးမှံဆိုက။ ဆပ်ရတုံညီ။ ကြီးမြီနှင့်ကွ။ ငယ်လှထံသေ။ ငယ်ကင်းစေတည့်။ ကြီးမွေခံဆပ်။
ထက်ရပ်ဥစ္စာ။ အောက်သို့ပါမူ။ သဉ်းလျာသေလည်း။ ဆွေနည်းခံစား။ မယားသေလင်။
ဆင်ခြင်သမ္မူ။ လေးတစုမှန်။ တောင်းပန်ခံဝန်။ မှီဘူးထွန်လျှင်း။ အရင်းဆပ်ရ။ ကွာမိဘလိုက်။
သိမ်းပိုက်လျှင်မြီ။ ပီပုမာဓိ။ မခြားဘိမူ။ ဒွိမြီကိုဒွေး။ ဆပ်ပေးစေဟူ။ အတူနေစား။
သားသမီးသော်။ မိဘသော်တည့်။ ချေးမြီရှိလဉ်း။ မသိကင်းစေ။ သိဆပ်ပေရှင့်။ မွေမခွဲစား။
မီအိမ်ခြားနှင့်။ အိမ်မခြားလျှင်း။ သားခြင်းတဝေး။ မိဘကြွေးကို။ ပေးစေပွားရင်း။
သန္ဓေကြွင်းလည်း။ မကင်းသင့်ငြား။ အမွေစားပြီး။ ခြားနေတဆ။ နှစ်ဆတူနေ။ ချိုးတထွေမူ။
တူနေသူမှောက်။ ရောက်မှတင်ချေ။ တူနေဆပ်သင့်။ ချင့်ခါးစိပတ်။ ချင့်တာမှတ်၍။
လွတ်စေသားချင်း။ သားရင်းမရှိ။ ကတ္တိမခြား။ ဖြစ်ငြားတုံထ။ မိဘမြီရပ်။ ဆပ်သင့်လေဘွယ်။
သားငယ်တို့နှင့်။ တူနေလင့်မှ။ တင်သမျှကို။ ဇွေ့လွတ်ကင်း။ ယင်းဇွေ့နှင့်။ နေလင့်စဉ်တွင်။
တင်မြီကိုကား။ သားသာသမီး။ ကြီးငယ်ထိုထို။ ဆပ်စေဆိုရှင့်။ မြီကိုခေါက်ပြန်။
အမှန်ချေးရာ။ သွားမသွားဖြစ်။ လနှစ်များက။ နှစ်ဆထိုက်လျှင်း။ မြီကိုသွင်းပြီး။
အရင်းဖြစ်သင့်။ ပွားဖြစ်သင့်မှာ။ ရင်းနှင့်မျှသော်။ လွန်သော်ပွားတက်။ တက်သော်ရင်းဖြစ်။
နျိုးလျော့လစ်သော်။ ပွါးဖြစ်ရငြား။ မြီစားအားမဲ့။ နွဲ့လျှင်ရင်းနီး။ ပေးပြီးမြတ်နှင့်။
ဆပ်သင့်ဖြည်းဖြည်း။ ဘနည်းချေးရာ။ ယင်းစကားကို။ အများဆိုလျှင်။ ယွင်းဆုံးမူလ။
မှန်နှစ်ဆဘက်။ အတက်မဲ့ကို။ တက်ရှိဆိုမူ။ မူလဆုံးစေ။ တက်ရှိပေလျက်။ ကွယ်ချေမူကား။
အပွားနှစ်ဆ။ ဆင်းရဲလှ၍။ ခိုင်ကျနေ့တိုင်း။ လိုင်းစေပွားစေ။ ဆိုထွေချလေ။
ပေး၍လက်အောက်။ ရောက်သမျှပိုင်။ မပေးနိုင်က။ ရင်းနှစ်ဆမြွက်။ ခနှစ်ရက်တွင်း။

လခွဲတွင်းနိုက်။ မြီရင်းတွင်၍။ လနေ့ရှိုးကို။ တိုးအပွားထပ်။ မစားအပ်ဟု။ ပညတ်ရှေးညွှန်။ အရိုးမှန်သည်။ ။ ကျမ်းဂန်နှိုင်းညှိထောက် ထားတည်း။ ၅၂ ။ အဘိုးအဘွား။ ယူစားမြီကြွေး။ မပေးမိသေ။ ဘိုးမွေကိုဘ။ ရ၍သေပြန်။ မြေးရှိထွန်လည်း။ မြီမှန်တိုင်းဘက်။ နှစ်ဆက်မလိုက်။ မတောင်းတိုက်မှတ်။ မြီသက်ပြတ်၏။ အမြတ်ဘိုးဘွား။ ချေးရာတုံလေ။ မြီရှိချေက။ မွေမှီမမှီ။ နှစ်လီမြေးတိ။ သိမသိပင်။ စုရှိမွေလိုက်။ ဆပ်ထိုက်အရင်း။ ပွားရင်းလည်းပြ။ နှစ်ဝကွဲပြား။ မွေခြားကြပြီ။ သားသွီးသေပျောက်။ မြေးတစ်ယောက်နှင့်။ တူနေလင့်မှ။ ချင့်နှုတ်လက်ကြွေး။ ဝတ်စားကြွေးကို။ ခြားမြေးမစပ်။ တူနေဆပ်လျှင်း။ ဘိုးဘွားရင်းဘက်။ နှောင်းလက်တွင်သေ။ နှောင်းလည်းသေ၍။ မွေခံမဲ့က။ ထက်သားရင်သွေး။ သွီးသွေးတို့။ ပေးစေဆပ်စေ။ တူနေမြေးမြီ။ ဤကိုဘိုးဘွား။ မသိငြားလည်း။ ချေးရားသမျှ။ လေးဆတစု။ လေးသုံးစုကျ။ နှစ်ရပ်ပြ၏။ သတ္တမပိုက်။ ဤထိခိုက်အောင်။ သိုက်မြိုက်ထွေပြား။ မြီတရားမှာ။ မြီစားသေမှ။ စီရင်ရ၏။ ပြောက်ကပြေးက။ ထိမ်းရှင်ကမူ။ လွတ်ရမြဲပင်။ ခွဲစီရင်လော့။ ဤတွင်ထူးခြား။ တူစားတူနေ။ ဆိုင်နိုင်ပေက။ မူလဋ္ဌတည့်။ တူကွနေသာ။ ဆိုင်နိုင်ပါမူ။ ရင်းသာဆပ်သင့်။ ညီနှင့်နောင်ကြီး။ မရီးတူနေ။ နောင့်ကြင်ဆွေတို့။ ယူထွေမြီရှိ။ ညီမသိဘဲ။ အိမ်သီးခွဲလည်း။ ဆပ်မြဲမှန်လှ။ တကျမ်းကမူ။ တူကွသိထင်။ တောင်းဘူးလှင်သာ။ ဆပ်စေမှာ၏။ ညီသာယူဘိ။ နောင်မသိက။ လွတ်ရတုံရှောင်။ သိတောင်းဘူးထွေ။ ဆပ်စေမှံစွာ။ ဆရာမိဘ။ ဘိသက္ကနှင့်။ နရထွင့်ဖြား။ ပုဏ္ဏားရဟန်း။ နှယ်မှန်ခုနျစ်ဆက်။ ကြွေးမြီရှက်လိုး။ ခက်လက်မပွါး။ တိုးမစားလင့်။ ခုနှစ်ပါးနွယ်ဝင်။ အလျှော်မြင်လည်း။ စီရင်မအပ်။ ပညပ်တခြား။ ပေါင်ထားငှံနံ့။ တံဆိုးဥစ္စာ။ သုလက်မှာပင်။ ရှင်သေတပြီး။ မွေစားရှိက။ တောင်းရစင်စစ်။ ဆပ်ရန်ဖြစ်လည်း။ ဘက်ထစ်မကွာ။ ဆပ်စေမှာ၏။ ဣဏာယိက။ သေကချင်းကို။ သင်းပြိုဟ်ရွာရှင်။ ပြစ်စင်လွတ်ကွာ။ သွေဒံမှာမူ။ မူလာအန္ဒ။ သုံးတဆလည်း။ နှစ်ချိုးပြလျှင်း။ သူငယ်ချင်းမူ။ အရင်းကိုပေး။ လေးစုတစု။ သုံးနှစ်စုဟု။ သုံးခုပြားထွေ။ အမွေစားမှာ။ အရင်းသာရှင့်။ ရင်းပွားသင့်ဟု။ နှစ်ဆင့်ကွဲပြား။ ဘိုးနှင့်ဘွားမူ။ ချေးရားသမျှ။ လေးတဆကို။ ပေးရဇကန်။ မသွေမှန်ဟု။ ကျမ်းဂန်ဥပဒေ။ ထွက်ရှိချေသည်။ ။ မှတ်လေရှင်လူနောက်သားတည်း။ ၅၃။ မြီစားပြောက်ဘိ။ ဆယ်နှစ်ရှိမှ။ တကွယူရာ။ ပါသသူဟု။ ကိုင်မူမှားလစ်။ ခံသူဖြစ်လည်း။ ခံပြစ်လွတ်ကင်း။ သားချင်းအဆွေ။ ဖြစ်ချေမူဆပ်။ မြီနှင့်စပ်၍။ လက်ကြပ်ကိုင်ထား။ သူပြေးငြားက။ ချင့်မိဘမှာ။ မေးရာကွယ်နောက်။ ပေါ်ပေါက်ခိုးဒဏ်။ ဗုက်ထားတွန်ဘိ။ ပြစ်မရှိတည့်။ ဒါသိဒါသ။ ပုတ္တဒါယာ။ ပြေးရာမေးရာ။ ရေးရာကွယ်ကန်။ နောက်ပေါ်ပြန်က။ ခိုးဒဏ်စီရင်။ မြီရှင်မြီတွက်။ ဗုက်သော်ပြစ်ဝေး။ ဒွေးမြီရှင်နက်။ တဦးလက်တွင်။ ချုပ်လျက်ကြွေးမြီ။ မပေးမှီတည့်။ မြီစားပြောက်က။ အပြစ်ပ၏။ ရ၍လွတ်မူ။ မရသူ၏။ မြီဟူသမျှ။ ရသူဆပ်မြဲ။ ကိုင်ထားဆဲတွင်။ နာလျှင်မိဘ။ သားမယားထံ။ အပ်နှံ့ပစေ။ မနှံ့ချေ၍။ သေမြီဆုံးတိုက်။ အပ်ခိုက်မယူ။ သေမူပြစ်ကင်း။ ကြွင်းသူကိုတောင်း။ မြီပေါင်းအများ။ တင်သကားဟု။ သားသမီးစ။ ရှိသမျှကို။ မိဘရောင်းလျှင်။ မြီရှင်များက။ မြီစားမြတ်စွန်။ မှန်တုံရှောင်းဟု။ မတောင်းရချေ။ မြီစားသေမူ။ ရိုးစေကြမ္ဘာ။ ချေးရာစာဝင်။ ဖြစ်လျှင်ကိုယ်ဘိုး။ ဒွေးချိုးသာတောင်း။ မိဘကောင်းတို့။ မရောင်းရှိငြား။ မြီရှင်များက။ ရောင်းဘိုးကျကို။ မျှယူစပါ။ ပြေးရာကျွန်ပြစ်။ မသိလစ်ငြား။ မြီချေးရား၍။ သခင်တွေ့ထွန်။

ကျွန်ဥစ္စာရှိ။ ဖြစ်ဘိရင်းပွား။ မရှိငြားမူ။ ချေးယူရင်းမျှ။ သခင်ကဆပ်။ ကျွန်ကိုအပ်ရှင့်။ ပွားထပ်ပုံယည်။ တင်မြီများရောင်း။ ကျွန်ကိုရောင်းပြီး။ ၄င်းမြီ႒င် ကျွန်သခင်ကို။ မျှပင်ယူဘိ။ ကျွန်မှန်းသိလျက်။ ချေးမှီဆုံးရေး။ သုကျွန်ပြေးကို။ မြီချေးသသူ။ အပ်စေဟူ၏။ ရင်းမူလတိုင်။ မအပ်နိုင်သော်။ လျှော်ကျွန်ဘိုးမှန်။ သုကျွန်မှန်သိ။ မြီရှိသကား။ ကိုင်ထားရာက။ ပြေးလကမူ။ ဒါသဃီတိဓာ။ တစုသာဟူ။ သေမူဘိုးကျ။ လျှော်ရမှန်မှု။ကျွန်ဟုမသိ။ ကျွန်တိမ်ဖြစ်။ မြီကြွေးဖြစ်က။ ကိုင်ထားမှပင်။ ပြေးထပြစ်ကင်း။ သေလျှင်းဘိုးဝက်။ ရှင့်တွက်ကြောင့်ထွန်။ ကျွန်ကိုင်ရာပြေး။ သေဘိသေး လည်း။ ကြွေးရှင်ပြစ်ကင်။ သခင်းရင်းမှောက်။ ရောက်သော်တောင်းရ။ ကျွန်ကာလက။ ယူထရှင့်ဘို့။ ကျွန်လွတ်မြို့မူ။ ကင်းတို့ပစေ။ မွေစားကင်းလတ်။ ဆပ်ရာပါကျွန်။ ရင်းမှန်ဆပ်သင့်။ မြီများလင့်က။ ချင့်ကိုယ်ဘိုး၍။ သိမ်းမွေးဆန်းပြား။ ဤစကားကို။ မြီစားနှင့်သာ။ စပ်သည်မှာနိုက်။ လျှော်စွာရှည်လေ။ မြီးစားတွေကြောင့်။ ကျွန်ချေးမြေးသား။ မြီရှင်အားကို။ အပ်ထားဘိထါန်။ ချိန်မပြန်သော်။ ကျွန်မဖြစ်ရ။ ချိန်ပြန်ကမူ။ မုချစင်စစ်။ မွန်းမြိပ်နစ်သည်။ ။ ကျွန်ဖြစ်ဘာသာ လျှော်က်လျားတည်း။ ၅၄။ မြီရှင်မာန်ပွား။ မြီအများကြောင့်။ မြီစားသိမ်းဆည်း။ ပိုင်ပစ္စည်းကို။ အနည်းသဖြင့်။ ရပ်မှီလင်က။ ယင်းနှင့်ငြိမ်စေ။ ပိုလွန်ချေ၍။ ရပ်ပေမူကား။ ပြစ်မဲ့ငြားလည်း။ ချေးရာမြီရပ်။ ဆပ်လသောခါ။ ပြန်ပါကုန်စင်။ သက်ရှင်ဖြစ်ထွေ။ မြီရှင်စေမူ။ ထိုစေအခ။ မြီတွင်ချလော့။ သေကဘိုးတန်။ ခုရန်နှိမ်ရန်။ ဝိညာဏ်တည်ရာ။ သတ္တဝါကို။ တောင်တာဆုပ်ပတ်။ အတိုးမှတ်၍။ ချေးလတ်တိုးထွန်။ သာမာန်ချေးတုံ။ အိုကြုံမလှ။ ဆိုသမျှကို။ ပျိုဝရုပ်ကောင်း။ လဲပြောင်းရုံသာ။ မတိုးရာရှင့်။ စာတကျမ်းထွက်။ ချုတ်ရက်နေပလ။ လွန်နှစ်ဆတည့်။ မြီစားမြေးသား။ ကွဲနွှားကိုလျှင်။ မြီရှင်၏ထံ။ နံ့ရာများကြွေ။ ပွားသ၍ပင်။ တင်မြီဆပ်က။ အပ်ရကုန်အောင်။ ကျွန်ပေါင်တရွာ။ နွှားမှာတခြံ။ ထုံးစံမှတ်စွဲ။ သုကျွဲသုနွှား။ မြီစားအိမ်တွင်။ မြင်၍မြီပေး။ ယူဘိသေးလျှင်။ အရှင်ပေါ်က။ ပေးဘိရ၏။ မြီစားအိမ်အောက်။ ဆင်ပေါက်ချည်မှား။ စကားရှေးစည်။ ဦးယည်သွယ်ဖြာ။ လယ်ယာကိုလျှင်။ မြီ႒င်တို့က။ ရင်းပွါးကျနှင့်။ ချ၍တမူ။ အပိုင်ဟူ၍။ ယူပစေကာ။ မပိုင်ရာတည့်။ ယူကာလနှိုက်။ မြီကရှိုက်၍။ ဘိုးထိုက်လယ်ယာ။ တန်ရာကိုတည့်။ ကြေးငွေပြည့်အောင်။ ဖြည့်ရပေမူ။ ပိုင်စေဟုမြွက်။ တကျမ်းတွက်ကား။ သက်မဲ့သက်ရှိ။ တန်ဘိဘိုးသင့်။ မြီနှင့်ရွယ်ဆ။ ဝယ်သမျှပင်။ ပိုင်သဘိသေး။ မြီစားပြေးမှ။ အိမ်ရာလယ်ခင်း။ ယင်းကိုသူကြီး။ ယူပြီးတုံမြောက်။ စုံတယောက်အား။ ပေးငြားပြစ်ပ။ မြီရှင်ကတိ။ သူကြီးထံဝင်။ တိုင်လျှင်အပ်ပေ။ ရွှေငွေကိုမူ။ ချေးသူမြီစား။ အများဖြစ်၍။ မြီရှင်ရှေ့တွင်။ စုံစေ့ခွဲယူ။ မူသည်ဖြစ်စေ။ခွဲဝေမပြောင်း။ ပေါင်သည်ဖြစ်စေ။ ဆပ်ပေးရင်းပွါး။ စကားရှေးက။ ကိုယ်တွက်ကျကို။ ဆပ်ကျကိုယ်စီ။ စုံညီချုပ်မြို့။ မြီစားတို့တွင်။ အချို့သေမူ။ ကျန်လူကျန်စု။ ကိုယ်မှုသက်သက်။ သေသုတွက်နှင့်။ မရှက်သင့်ချေ။ မြီတိုင်သေမူ။ ကြင်ဆွေဇနီး။ သမီးနှင့်သား။ ရှိလှည့်ငြားလည်း။ သိကြားဘူးမှ။ တိုင်ခကိုကား။ စားရဘူးမှ။ တောင်းရသို့မှုတ်။ မတောင်းထုပ်လင့်။ ကြောင်းဟုတ်မြင်မြော်။ သူတော်စွာစင်။ မြီရှင်တို့မှာ။ မြင့်ခွါတုံအောင်။ မပြောင်းဂုဏ်အင်။ မြီ႒င်ဆင်းရဲ။ စွဲတောင်းဝေထုံ။ နှစ်လုံးမငယ်။ သွတ်လျယ်ကြိမ်ကြိမ်။ မြီစားအိမ်သို့။ အငြိမ်မနေ။ စာစေလူစေ။ အထွေထွေသည်။ ။ တောင်းလေးကြိမ်ဘန်ခေါက်များတည်း။ ၅၅။ မြီပေးမြီယူ။ အတူရပ်ကွက်။ ဖြစ်ကြလျက်တည့်။

သုံးဆက်ဆယ်နှစ်။ လစ်လစ်လပ်လပ်။ ဆပ်စကောင်းဟု။ မတောင်းဘူးက။ လွတ်ရစင်စစ်။
သက္ကရာဇ်စာပေ။ ရှိမှန်ချေမူ။ ဆပ်စေရင်းမျှ။ ကာလပိုင်းခြား။ ချုပ်မထားပံ။ ငံ့စားယူလှယ်။
ရောင်းဝယ်သည်မှာ။ လနှစ်ကြာလည်း။ ရင်သာထိုက်ငြား။ ရက်လထားမူ။ တက်ပွါးသမျှ။
လချစ်လိုက်သာ။ တိုးစပါလော့။ သူရာစုတ္တ။ လူငဆလျှင်။ ဣဏသာမိ။ မဟုတ်ဘိလျက်။
ဤရှိမြောက်များ။ ရွှေသားငွေသား။ ထွေပြားဤသူ။ ယူသည်ငါကြွေး။ ပေးစကောင်းဟု။
စွဲတောင်းသံကို။ ခံသူမထား။ ကြိမ်များဘိလျှင်း။ အိမ်နီးချင်းအား။ တိုင်ကြားခဲ့လစ်။
လနှစ်ကြာမှ။ စွဲကကွယ်ရှောင်း။ တောင်းဘူးကြောင်းကို။ စွဲတောင်းသူက။ ပြ၍ထွက်လျှင်။
ချုပ်ဝင်ဆပ်သင့်။ မထွက်လင့်က။ စွပ်တိုင်းရ၏။ ဤမျှငွေကြေး။ ချေးမချေးတည့်။
ငြင်းဆိုဘိမူ။ ဣဏသာများ။ ဣဏါယိက။ သီလရှိသူ။ တူသော်မြီရှင်။ အချုပ်ဝင်လော့။
လိုချင်ငမ်းငမ်း။ သစ္စာကျမ်းကို။ ထမ်းဝန့်သမျှ။ ပိုင်ရမည်ချည်း။ တနည်းမျတ်အင်။
ချုပ်ရှင်ချုပ်ကို။ မဆိုစသာ။ နေရာမြေသား။ လေ့ကားဦးရင်း။ စေတီတွင်းဟု။
ကျိန်ခင်းပြားထ။ ငါးဌာနတွင်။ ဟိနမရှို။ ပဏ္ဍိတနှင့်။ သုံးစီမြင့်၍။ ဖြစ်သင့်ဆဲ့ငါး။
ပိုင်းခြားမြီးမှတ်။ ယုတ်လတ်မြတ်ဤ။ လူသုံးလီတွင်။ စေတီမြေမှာ။ နေရာနိုက်ဝယ်။
ငွေတဆယ်မူ။ ကျိန်တွယ်စမြဲ။ နတ်ရဲစေတီ။ စေတီသာမည။ ဘူတလဝယ်။ တိသ်ငွေထွက်။
အောက်ထက်ကြေညာ။ တေဇာကြီးမား။ ဘုရားရှင်မြတ်။ နတ်ရဲစေတီ။ စေတီသာမန်။
ဤသုံးတန်ဝယ်။ ငွေမှန်သဋ္ဌိ။ အမိအရ။ ပြသက်သေအား။ များပေးသသူ။ တူလျှင်မြတ်ရာ။
မြတ်ပါသည်ချည်။ နည်းမကွဲငြား။ ကမ္ဘာလားလော့။ ငွေသားသတ္တတိ။ ရှိလသော်တုံ။
မပုံယုံက။ တစုံတရာ။ မှန်စွာအထူး။ တဦးတယောက်။ စွဲရောက်သစ္စာ။ မကျိန်သာရှင့်။
ကမ္ဘာလားထုံး။ ရှုံးစွပ်အစား။ ကွယ်မှားနှစ်ဆ။ တည်လောင်းရလျှင်။ စွဲဝင်ဥစ္စာ။
ကျမ်းမှာခိုင်ကောက်။ ကမ္ဘာရောက်က။ ယောကျ်ားတကိုယ်။ ဘိုးကိုမှတ်ရည်။
သုံးဆယ်တည်လော့။ အတည်ငွေတွင်။ ရှေ့နေတို့က။ ခိုင်သင့်ကျတည့်။ ကြွင်းသမျှကို။
တရားရှင်တို့။ အဘို့မြဲမှန်။ စရိတ်ပြန်ငွေ။ ရှေ့နေအခ။ မပါရရှင့်။ ရာဇပြစ်ဒဏ်။ စီရင်ရန်မှာ။
အရာရုပ်စေ။ ကင်းထွေရိုက်နှက်။ အပျက်များမူ။ ဒွန်းစဏ္ဍားရပ်။ နှင်အပ်သည်ပင်။
တကျမ်းတွင်ကား။ ဆိုဝင်မှံန်စွာ။ ဥစ္စာဆယ်ဘို့။ တွင်တဘို့ကို။ ချင်းတို့ပြစ်ဒဏ်။
ပေးစေညွှန်သည်။ ။ မှုဝန်ပြစ်ဆာလောက်လားတည်း။ ၅၆။ မြီကိုချေးရာ။ ပြန်သွားတုံမြောက်။
အိမ်မရောက်မီ။ ယွင်းဘောက်သေရှောင်း။ မြီစာလောင်းကို။ အကြောင်းစုံစေ့။ ကျန်သူရှေ့တွင်။
ဤ၍သေချာ။ တောင်းလိုက်ပါမူ။ ကျမ်သူဆပ်ရာ။ မြီချေးခါနိုက်။ ပန္နာမြီစား။
ပါငြားတုံမြောက်။ မကောက်မြောက်လင့်။ နောက်ဆပ်ကာက။ ပါကလျှော်စွာ။ လျှော်ပါမမှား။
မင်းပုဏ္ဏားတည့်။ မြီစားဖြစ်က။ တောင်းရုံမျှသာ။ ကျွန်လျာမရ။ ခြင်းတို့ကမူ။
သာမြည့်ည်းဖြည်း။ တောင်းလည်း တောင်ထွန်။ ကျွန်လည်းပြုပိုင်။ ချုပ်ကိုင်ထားသည်။
မြီစားဖျားနာ။ လွတ်ပါတုံမြော်။ အိမ်မ ယောက်ခင်။ သေလျှင်ပြစ်ကွေ။ မလွတ်ပေက။
မြီစားလှမူ။ ချလော့တန်ဘိုး။ မျှဆုံရိုးရှင့်။ ကံဆိုး စီရင်။ အစိမ်းလျှင်တိ။ အိမ်တွင်သေစေ။
ပြစ်မဲ့ချေ၏။ တထွေနည်းမြွက်။ ချောက်နရက်သို့။ သက်၍သေရာ။ ဘိုးဝက်သာရှင့်။
ထွေရာမှုဝန်။ စေဘန်ရာတွင်။ သေလျှင်သုတက်။ မြီနှင့်သက်၍။ ကိုင်လျက်ချုပ်ထား။
မြီစားမူငြစ်။ ယင်းသို့ဖြစ်လည်း။ သုံးနှစ်ခုနှစ်နှစ်။ ရှိလစ်လတ်က။ မြီနှင့်မျှရုံ။ ရောင်းရပိုမူ။
မြီစားယူလစ်။ ဆယ်နှစ်မြောက်က။ ဘိုးရတိုင်းရောင်း။ ပိုင်စကောင်း၏။ ၄င်းပြမြောက်။

နှစ်မယေက်ဘဲ။ ယွင်းဘောက်သော်ကား။ ရောင်းမိမှားက။ တင်မြီပ၏။ ရောင်းရဘိုးထား။
မြီရှင်များတို့။ မျှစားပြီးနောက်။ တယောက်မြီရှင်။ ရောက်လျှင်ညီမျှ။ ပေးရတုံလျှင်း။
မြီတလင်းဖြစ်၍။ လစ်မမေ့လင့်။ စေ့မြေ့မှတ်ရာ။ ဥစ္စာလိုအား။ ခိုက်ပွားရန်သူ။
ခိုးသူဖြစ်လျှင်း။ ကိုင်ခြင်းလေးဝ။ ယင်းလေးဝတွင်။ ပဌမစကား။ ပိုင်းခြားသေချွေ။
ပြီးပြေကုံင။ စတုတ္ထလည်း။ ကိုင်သမျှလူ။ ပြစ်မြူမတင်။ ဒုတွင်သေက။ နှစ်ဆဘိုးတိုက်။
ရိုက်၍သေမူ။ သူတက်မှတ်ထ။ တတိယနှိုက်။ သေကျွန်ငါး။ ရိုက်ငြားသေမြောက်။
ကျွန်သုံးရောက်သာ။ တနည်းမှာကား။ လျှော်ပါသုတက်။ ဟူ၍ထက်၏။ ကြည်သက်ဥစ္စာ။
ပေးခါလွတ်ထွန်။ မူဝန်ဆောင်ထွေ။ ပြေ၍လွတ်လျှင်း။ လွှတ်ခြင်းနှစ်ပါး။ ဤတရားမူ။
လွတ်သသူနှိုက်။ ပြစ်မြူစင်ကြယ်။ ငြိမတွယ်ဟု။ သိလွယ်စေချင်။ ပြသွန်သင်ရှင့်။
ဆင်ခြင်စာနှာ။ သိလိမ္မာအောင်။ အာသာငမ်းငမ်း။ ညာဏ်စွမ်းကိုးကိုး။ ဆော်ဘန်နှိုးသည်။
။ကြိုးလော့ဇာနီယောကျ်ားတည်း။ ၅၇။ ။ချုပ်ရက်ပြင်ပြင်။ မရောက်ခင်တည့်။
ပြီရှင်တောင်းချေ။ ခံစေတရား။ ကိုင်မိမှားက။ ငွေသားသုံးဆယ်။ အများဝယ်လည်း။
သုံးဆယ်စိမ့်န်။ လျှော်ပြစ်ဒဏ်တည့်။ လွန်ချုပ်ရက်က။ ဝတ်စဆွဲပိုင်။ ကိုင်စေမမှား။
သစ်သားထိတ်လည်း။ တည်းစေတဘက်။ ထိုပြင်တက်၍။ သက်သက်ကိုင်ငြား။ ရင်သားပဥ္စာ။
ထိတ်ကျော်မှာမူ။ ခွဲပါသတ္တာ။ ထနထိတ်ဒသ်။ မှတ်လော့စည်ရှည်။ ထျတ်ကျဉ်မြေစိုက်။
တောက်တဲ့တိုက်နှင့်။ ကိုယ်နှိုက်တံထွေး။ ထွေးသောဆဲ့ငါး။ စုံထားလက်ခြေ။
တုပ်ခေနှစ်ဆယ်။ ထိတ်ဝယ်ထက်စီး။ ကြီးကျင်ငယ်ကျင်။ စွန့်လျှင်ပဥ္စဝီ။ သခ်ဠိမှတ်။
ခါးဆီးချွတ်မျက်မှောင်။ သျှောင်ဆွဲတိတ်မြှောက်။ ထိတ်စောက်မီးမြိုက်။ ထိတ်ကျည်နှိုက်လျှင်။
နှက်ရိုက်ဝုဓာ။ ခတ်ထားရာဝယ်။ ကျင်ငယ်ပန်းပက်။ တဘက်မြေထိတ်။ သစ်ထိတ်နှစ်ဘက်။
မျက်ခွက်တံထွေး။ ထွေးလော့စင်စစ်။ ဤဆံ့နှစ်ကား။ လျော်စားတိသ်။ ဇေကုဠရပ်တွင်း။
ထိတ်သွင်းလေးဆယ်။ ထိပ်ဝယ်ကာမ။ မှားထလသော်။ ထိပ်ပေါက်ကျော်ခတ်ထွေ။
မြေထိတ်နှစ်ဘက်။ လျှံလက်ပူအိုက်။ လူမီးမြိုက်မှာ။ ပြစ်ထိုက်ခြောက်ဆယ်။
တသွယ်တက်မြောက်။ လက်ရောက်ထုတ်ထား။ နည်းများချင့်မှန်း။ လက်လွန်ခန်းက။
ပြည့်သွန်းခဲ့တိုင်း။ ဖြတ်ပိုင်းရလေ။ သေမူမျိုးလိုက်။ ဆယ်တက်ထိုက်ရှင့်။ ကျယ်နိုက်အိုစာ။
ပါသော်ကျိုးသော်။ ကာန်းသော်သေဒဏ်။ တဝက်မှန်၏။ ကိုယ်ဝန်ပျက်ထ။ တလတကျပ်။
မှတ်အပ်ဆယ်လ။ စေ့ကသုံးဆယ်။ ဆန်းကြယ်တက်ဘွဲ့။ မြွက်ခဲ့သမျှ။ ပြစ်ဒေါသကို။
ကွယ်ကမြီရပ်။ ဆပ်ပြီးမှသာ။ ဆိုစေရာ၏။ မျန်စွာသိထင်။ မကွယ်လျှင်မူ။ မြီတွင်ချလှည့်။
မပြည့်လှင်လောင်း။ ပိုလှင်တောင်းလော့။ ၄င်းမြွက်ဟ။ ပြစ်ထိုမျှကား။ လူစလူရည်။
တူသည်နိုက်သာ။ စီရင်ပါရှင့်။ နွယ်လာမြတ်သူ။ ဖြစ်မူညွှန်ပြ။ လေသမျှကို။ နှစ်ဆစီသာ။
မှတ်ပါတုံရှောင်း။ ရှေးလမ်းဟောင်းတည့်။ မြီတောင်းလက္ခဏာ။ မလိမ္မာ၍။
တွေ့ရာတောင်းသော်။ ပူဇော်မျိုးလျောက်။ လက်ရောက်ကိုင်ဆွဲ။ အရှက်ကွဲက။
လျော်မြဲဆယ်ကျပ်။ တရပ်ဆင့်တိုး။ အံကျိုးရေပွန်း။ ချင့်မှန်းကျပ်ငါး။ ရှေ့သွားနားရွက်။
စုတ်ပျက်သားရေ။ ငွေသတ်စွဲပါ။ ခေါင်းမှာသွေးမြင်။ ရင်ကိုချေကန်။ ပြစ်ဒါန်ဆဲ့ငါး။
ကာန်းညားတိသ်။ လက်သန်းဘတ္တိကနိုက်။ သတ္တာနှစ်တွင်။ ယင်းမှာတတူး။ ဘူးအင်တွဲနိုင်။
လုပ်ကြံနိုင်ဟု။ သုံးဆိုင်မှန်ညီ။ စေတီကျွန်စု။ ကုလုပက။ အညဒိန္နာ။ သုဒ္ဓဇာနှင့်။
ရာဇားဒိန္န။ လေးဝတနည်း။ သုံးလည်းတဖြာ။ သုဒ္ဓါကိတ။ ဥဒ္ဒါကိတ။ ဥဒ္ဒါရမြီ။ မေစုနီဟု။

ငါးလီဖြစ်ရှောင်း။ ပေါင်းကိုးရပ်မှန်။ ကျောင်းကျွန်နည်းတူ။ ထူးမှာမူကား။ ကျောင်းဘုရားကျွန်။ နှစ်တန်ကိုပင်။ မျိုးစင်တို့ထံ။ ပေါင်နှံရောင်းသွင်း။ ထားလျှင်းသောခါ။ ဇီဝါဇီဝ။ ဝေသနှင့်မြီ။ နှစ်လီမေစု။ ပေါင်းခြောက်ခုလည်း။ ထောက်ရှုရန်ဟူ။ ပတိရူမှာ။ သုံးသုဒ္ဓါနှင့်။ ကာမာပေါင်မည်။ ငါးလီတည်ထ။ ညီမနောင်ညီ။ ပုပီမုမှတ်။ မကျားလွတ်ဟု။ ပွားလတ်နဝ။ သကံရမှန်။ နှစ်တန်ရဟန်း။ ချစ်ခန်းပုဏ္ဏား။ ဤငါးမှာမူ။ ပဋိရူတိ။ ကျွန်ငါးတန်စီပြား။ ကျွန်ဘေးထားနိုက်။ သားဘေးလူဘေး။ ဒွေးဒါသက။ ပေါင်ကျွန်ကျသော်။ ဝေသဇီဝါ။ အဇီဝါဟု။ သုံးဖြာပြားဘိ။ ကျမ်းအရှိကို။ ပြစ်ညှိချက်ကုံ။ မြွက်ခဲ့တုံရှင့်။ အာဂုဏ်ရမူ။ မြကျွန်ငူနိုက်။ ရည်တူဆိုင်ထောက်။ ပြိုင်မပေါက်သည်။ ။ ဆောက်လိမ့်အောင်လံထင်းထင်းတည်း။ ၆ဝ။ ငွေဝယ်လေးပါး။ အပြားဌာရသ။ ကျွန်ထိုမျှကို။ ဝယ်ကမှန်ဘိ။ တန်ရှိတန်မဲ့။ မတန်မဲ့ဖြား။ သုံးပါးလက္ခဏာ။ ပမှာပိုင်လျှင်။ ကြွင်းနှစ်ပါးသော်။ ရှင်ပေါ်ရောင်းသူ။ မဲ့မူခိုးဒဏ်။ မှုဝန်ရှိထွေ။ သိဝယ်ချေတုံ။ မှုရှိကြုံလည်း။ မဆုံးရောင်းသူ။ ရှင်ပေါ်မူကား။ ညီတူခံဘိ။ မျိုးရှိခုနှစ်သင်း။ ကျွန်ဝယ်ရင်းကို။ ရွေးတွင်းပိတ်ရောင်း။ မပိတ်ကောင်းရှင့်။ ရောင်းဘိုးရင်းကျ။ ဒွသပေါက်မြွက်။ ကျန်ငါးဆက်မှာ။ သုံးတက်သုံးခြေ။ နည်းတထွေကား။ ဝယ်ငွေဝယ်ကျွန်။ ယုတ်လွန်မပြ။ ဒုကသတ်ရောက်။ ဆယ်စီလျောက်လော့။ ခုနှစ်ယောက်မျိုးမဲ့။ ဖြစ်ခဲ့တုံလျှင်။ မြေးလတ်တွင်ရွေးထွန်။ ကျန်မရွေးသာ။ သခ်ါရစစ်။ ဖြစ်၍တံဘိုး။ ခံရိုးလည်းဟူ။ တနည်းမူကား။ ရင်းစွန်းပွားခိုင်စင်။ သွင်ယူကျန်။ နှင့်ပန်ရွေးလျှင်း။ စိုးမင်းမှီခဲ့။ ရှိမဲ့ရပ်ဆည်း။ ဘိုးလည်းနှစ်ဆ။ ခံရမြဲမှန်။ မျိုးကျွန်ဘေးဆုံ။ ရွေးတုံရင်းယူ။ ထိုသူရှင်ကျွန်။ အသန္တန်တည့်။ လွန်သော်လွတ်မြဲ။ ဘီဘဲဘောဘွေး။ ဆုံးကျွန်ကျေးကို။ သားမြေးသပေါက်။ ကောက်၍စည်ဆက်။ ပိုင်စေမြွက်လည်း။ အတက်အခြေ။ ရွေးစေမလာ။ ရင်းသာရွေးအပ်။ မျိုးမစပ်ကျွန်။ နှစ်မှာထွန်မူ။ ကောက်ယူသပေါက်။ သေခြေပြောက်က။ ဘိုးဆုံးရဘိ။ မွေးမိခမည်း။ ရှိလည်းကင်းချေ။ မစေမီပြေး။ တဝေးမိဘ။ ထံသေကမူ။ ဘိုကျနှစ်ပြန်။ နှစ်လွန်တောင်းမြောက်။ ကြေးသပေါက်မူ။ ကောက်စေမကြွတ်။ ခုနှစ်ရက်လွန်မှ။ ပြေးကသပေါက်။ လခွန်ကောက်မှာ။ နှစ်ဖြာပြားလတ်။ နှစ်မတ်ငါးမတ်။ ဆုံးဖြတ်ယူရ။ ဤချင်းတကား။ အဘမဲ့လျှင်း။ ကျွန်ချင်းသင့်သူ။ တို့မှာဟူ၏။ လွတ်သူဝယ်ကျွန်။စုံန်ဆန်၍ဘွား။ သားသမီးနက်။ အခြေတက်တွင်။ သုံးပျက်နှစ်ပျက်။ ပုထွက်ကိုပီ။ ဇီတွက်ကိုမာ။ ယူစေရာ၏။ စာတကျမ်းနိုက်။ မိလိုက်ဘပါ။။ မမှာထူထွေ။ ဇက်ဘွားချေက။ ဘိုးကျသုံးစု။ ရှင့်အစုကား။ ပုဇက်ဒိဒ္ဓါ။ လွတ်စုမှာမူ။ ပုဒ္ဓါမိဇ။ ချစ်ယောက်ထွေး၍။ မွေးလျှင်ခိချန်။ သားဘိုးတန်မူ။ ရှေးနည်းတူမြွက်။ ထိုတက်များစေ။ ခြားစေနှောနှောက်။ ချန်တယောက်တည့်။ ကျန်မြောက်သုံးပုံ။ ပုံ၍တဆ။ သခင်ရ၏။ ကျွန်ကဥစ္စာ။ မှုဝန်ပါလည်း။ ရှင်သာဆိုင်မူ။ ထိုကျွန်စုကို။ ခြားသုထံမှောက်။။ နောက်ရွေးမည်၍။ စေ့မြေ့ချုပ်ရှောင်း။ ရောင်းပစေကာ။ မရွေးသာရှင့်။ သေခွင့်ဘေးပြင်။ ပင်နိမ့်ပင်မြင့်။ အခွင့်ငယ်ကြီး။ ဝေးနီးကြည်း။ ဝေးနီးကြည်းရေ။ မှန်မသွေသည်။ ။ ခိုင်းလေပိုင်ပိုင်နင်းနင်း တည်း။ ၆၁။ ဆအဋ္ဌက။ ဝီသအပြာ။ ကျွန်တရားနိုက်။ ဖြစ်ပွားနှုတ်လွန်။ နှစ်လက်မွန်မူ။ ရှင်ကျွန်တသန္တန်။ သွန်သော်ငှင်း။ ထီးပြောင်းနန်းပွဲ။ လဲသော်ငှင်း။ ဖြစ်ဟောင်းပြစ်ရပ်။ ဆပ်သော်ငှင်း။ သူကောင်းဖြစ်ရ။ ဒုတိယမူ။ ယူရင်းငွေစိုင်။

ပိုင်ဘိုးထွက်က။ ဓနက္ကိနည်း။ သို့တည်းမှုထ။ ပေါင်ဘိုးမျှသာ။ ဖြစ်ရာနိုက်ထွန်။ ပေါင်ကျွန်သို့ရော်။ နောက်မှဆိုပိမ့်။ လက်ခိုအိမ်ကြောင့်။ ယုတ်နိမ့်ကျွန်စစ်။ ရင်းခြောက်ဖြစ်လည်း။ နှုတ်ပြစ်နည်းရှိ။ ချက်မှန်သိလော့။ ထိုပြီးမြီကျွန်။ ရှစ်တန်တွင်ရေး။ လေးနိုက်ရင်းကျွန်။ ဘိုးတန်ဖြစ်စေ။ ကိုယ်ဘိုးငွေမှ။ နှစ်ဆဖြစ်စေ။ ယင်းနှစ်ထေံမှု။ ချေလော့လုပ်ခွန်။ ပိုလွန်သည်မှာ။ ပွားပါဆတ်တန်။ အပွားကျွန်နိုက်။ မကန်သက္ကရာဇ်။ ဖြစ်မူရှိတိုင်။ နိုင်း၍တလ။ ငါးမတ်ကျလုပ်ခွန်။ ချဖြေရန်တည့်။ ရေးကန်သက္က။ ရှိတိုင်းမျှတွင်။ နှစ်ဆတိုးသင့်။ လုပ်ခွင်နှင့်ချေ။ မလုပ်ပေက။ ထဘိုးကျဆပ်။ နှစ်ရပ်ရင်းပွား။ ကျွန်စကားနိုက်။ မထားသက္ကရာဇ်။ ကျွန်ဖြစ်မညွှန်။ လုပ်ခွန်နှင့်ချေ။ သေမူကိုယ်ဘိုး။ မျှဆုံရိုးတည့်။ ပိုရှိပွားရင်း။ ရှင်စေထိုက်တန်။ မြီတိုင်ကျွန်မူ။ လုပ်ခွန်နှင့်လျှင်။ ရင်းတွင်သာချေ။ ကျန်လေးထွေလည်း။ လေးနည်းဤတူ။ ပမူပချင်း။ ဒုချင်းတစ။ သိမှတ်ကျလော့။ ဣဏာရှစ်ပါး။ သားကိုသပေါက်။ မကောက်ပိုင်ရာ။ ဂုဏာဒါသ။ ပဒုတနိုက်။ အခပေးသော်။ လွန်ကျော်ခုနှစ်လ။ ရှိထလသော်။ ရှမ်းဆော်မှန်မူ။ ဒုန္ဓုဘိဂဏ်။ ဘောက်ပြန်လတ်သော်။ ဘွားမြော်သားမြေး။ တဝေးမိဘ။ ကျွန်ဖြစ်မှလျှင်။ လွတ်ရမှန်မူ။ ဝတ္တုဒါသ။ သုံးနှစ်ကျလျှင်။ ရာဇဝိပ္ပလ်။ ဖြစ်တုံထါန်လျှင်။ ဘိုးတန်မြေရပ်။ ဖြေဆပ်ပေလျှင်။ ချင်းတွင်မွေးဘွား။ သားသမီးပါ။ ကျွန်လျာလွတ်ရ။ အဋ္ဌကဟု။ ပြားထတဝေး။ ထိုကျွန်ကျေးကို။ အိမ်ပေးမသာ။ ယဇ်စာကုတ်ဘီ။ ဆောင်သီးထမ်းရွက်။ ချက်စေတုံမြို့။ ကူးတို့သကြီး။ လေ့စီးထန်းတက်။ သားပျက်ငါးဘမ်း။ ရပ်ဘေးဘျမ်းနှင့်။ လမ်းခရီးသည်။ ခုနှစ်မည်ပညတ်။ ယင်းအရပ်သို့။ စေအပ်မသင့်။ စေသဖြင့်လျှင်။ လွယ်လင့်ကျွန်စာ။ ကျွန်ဇာတာသည်။ ။ ကျွန်လျာလွတ်စေရှင်းရှင်းတည်း။ ၆၅။ အညဒိန္န။ ယာမသတ္တရပ်။ ဆုံးပြတ်နိုင်းချိမ်။ ရာဇဒိန်လက်မှန်။ သာမာန်ကျွန်နိုက်။ ပျော်ပိုက်သမျှ။ မပျော်ကကိုယ်ဘိုး။ ခံရိုးမလာ။ ကြည်သာချမ်းမြ။ ရွေးကဘိုးဝက်။ စည်ဆက်ပေးကျွန်။ မတော်လုံရ။ မင်းလွှတ်မှထွက်။ လက်ဘွဲ့ကျွန်သော်။ မတော်မတန်။ တသန္တာန်ရှင့်။ လွန်သော်လွတ်ရိုး။ ဘိုးမထောင်းရ။ တောင်းဆယ်ဆပြန်။ လက်ဦးကျွန်မှာ။ မသာလက်ထပ်။ ရပ်ခုနှစ်ထွေ။ စေမင်းဒဏ်ဆိုင်။ ရှာရခိုင်မူ။ သခင်ယူလစ်။ ကျွန်ဖြစ်လါတ်စင်။ ဒုတွင်စပင်း။ မူခင်းတိုင်စေ။ တသေခွင်ချွင်း။ ကြွင်းစေမကောင်း။ မူရှိရှောင်းလျှင်။ မင်းစီရင်ရှင့်။ ချင့်တွင်ပရိကံ။ မွေခံမဲ့ထွေ။ ချင်းသေမင်းအား။ ကြား၍ရှင်ယူ။ ဟူလတ်တုံဘိ။ ညာတိသခိ။ အရှိခုနှစ်ပါး။ ကျွန်တရားနိုက်။ အပြားသုံ့သုံ့။ ငုံ့စုံမှီကျွန်။ လေးတန်ပျော်သမျှ။ ဘိုးမရလျှင်။ သားရင်းသားရင်ကျွန်ခြေ။ ပျော်တိုင်းစေလစ်။ ဆယ်နှစ်တွင်းမူ။ ဘိုးမယူသင့်။ ရှည်မြင့်သုံးဆက်။ ရှိမှထွက်မူ။ ထိုက်သက်ဘိုးကျ။ ပေးမှထွက်ရာ။ တကျမ်းလာကာ။ ဓသာဝသ။ မကျမီမူ။ ကိုယ်ဘိုးယူထွန်။ လွန်မယူရ။ ဝါဒထူးမြွက်။ ကျွန်စည်ဆက်ကို။ အထက်မှာမှ။ မန္တောဇနိုက်။ ပြပိန့်လသေး။ ငွေပေးကျွန်တွက်။ ဓက္ကိဟန်။ ဆုံးဖြတ်ရန်တည့်။ ကျောင်းကျွန်ဒွယ။ ပန္နယပြား။ ယင်းတရားနိုက်။ ရှေးပျားကုလ။ လွတ်မှုဘိုးရင်း။ ရှင်းစေဒုကို။ ကျွန်မဆိုရ။ ဘိုးလည်းပ၏။ တသုဒ္ဓဇာ။ ဘွားရာကျွန်ချဉ်း။ တနည်းမိလိုက်။ အလိုက်မျှသာ။ ကျွန်ဖြစ်မှာ၏။ ရာဇဒိန္န။ စတုတ္ထမူ။ ကာလညောင်းဘိ။ ကျောင်းမရှိလည်း။ အာစရိယ။ ဆရာစည်ဆက်။ မပျက်လုတ်ကြွေး။ စည်ဆက်ဝေး၍။ ပျောက်မြွေးသော်ထွန်။ စေတီကျွန်ဖြစ်။ ဆုတ်နစ်တော်လှန်။ မလျှော်ကန်ရှင့်။ ကျန်တနည်းငါး။ တရာနိုက်ပါ။

သုံးသုဒ္ဓါကို။ ထက်မှာဆိုရန်။ အိမ်မြီကျွန်စစ်။ နှစ်မှာစတုတ္ထ။ ပုဒ်နိုက်ပြပြီး။ သုဒ္ဓကိတာ။ ကျွန်မှာချက်သိ။ ဓနက္ကိနှင့်။ တရှိမယွင်း။ ကျန်ခြောက်သင်းတွင်။ အရင်းလေးမှာ။ ရင်းသာတောင်းသင့်။ မစေလင့်တည့်။ ငါးဆင့်ခြောက်ဆင့်။ ဆုံးဖြတ်ခွင့်မူ။ ရှေးနှင့်တူပြီ။ နှစ်လီဆဲ့ငါး။ ဘုရားရှင့်ကျွန်။ စီရင်ရန်လည်း။ ကျောင်းကျွန်စတေ။ ဥပဒေဝိပြင်။ လမ်းကြီးတွင်သည်။ ။ ဘယ်တွင်မထောင့်စင်းစင်းတည်း။ ၆၃။ ပတိရူပက။ ကျွန်ပါဏနှင့်။ ပဥ္စစာလီ။ မှန်ညီရှေးဖြား။ တည်ကျွန်ငါးကို။ တရားတူရာ။ ရှာ၍သိအပ်။ ယင်းငါးရပ်တွင်။ ပညတ်တိုးပွါး။ ကိုးပါးကိုးပါး။ မျိုးခြားကိုယ်စီ။ ဤတွင်သုံးကို။ ရှေးရိုးနက်တန်။ အစားခံတို့။ မြဲမြဲန်စွာမဲ့။ စုတိခဲ့မူ။ ကျန်သသူကို။ ကျွန်ဟူစေသင့်။ မစွဲလင့်ရှင့်။ ယခင်သေသူ။ မှာမူမြတ်စွန်း။ ရှိတုံထွန်ဘိ။ ဓနဂ္ဂိသို့။ ညှိလော့မမှား။ လေးပါးကိုးဆင့်။ ဖြစ်သင့်ကျန်သင့်။ ကျွန်မှုခွင့်ကို။ ဤနှင့်တပြေး။ ဖြတ်တန်းပေးလော့။ မည်ရှေးသန္တက။ မိဘစည်လာ။ အန္တောဇာဟု။ သညာထွေပြား။ ခုနှစ်ပါးမှာ။ ထင်ရှားမဘ။ မရလသော်။ မတော်လုံရာ။ ရပါမူကား။ ဘွားဘွားသမျှ။ မိဘလိုက်မြွက်။ ကျွန်ဘက်သူမှာ။ မရွေးသာရှင့်။ ပါလေလွတ်ဘက်။ အခြေတက်ကို။ သုံးပြက်ပုံစု။ ပုဖြစ်မူဧ။ မိမူဒွေးတည့်။ ရွေးလော့မမှား။ မြတ်စွန်များလတ်။ ပီလွတ်လျှင်မိ။ မိလွတ်လျှင်သား။ ချန်ထားဟက။ ကျန်သမျှကို။ သုံးဆတစု။ ရှင့်တွက်ပြုထွေ။ ခံစေအရွေး။ ဒွေးကိုသက်သက်။ ကျွန်ဖြစ်ပျက်လော့။ တဘက်သတ်ဘွား။ သားချည်းထိုပြီး။ သမီးချည်းမူ။ ရှင်လွတ်သူတို့။ ညီတူပိုင်ရ။ တနည်းပြဒ်။ သုံးဆပြုလစ်။ ဇက်သာမိက။ ဒွမုဒ္ဓကာ။ သခင့်တာကို။ ရွေးငှါမရ။ သပေါက်စသည်။ ခြောက်ဝရှင့်တွက်။ ကိုသုလက်ထို့။ ငွေလျက်လို့လေ့။ ရွေးမည်၍ဟု။ စုံစေ့ချုပ်ရောင်း။ နောက်နှောင်းရင်းမျှ။ ရွေးကပွားစီး။ သားသမီးမူ။ နောက်ရှင်ယူဘိ။ ရှေးဂတိကို။ ရှိမဆိုသာ။ ဘိုးဝက်မှာမူ။ ယူရင်းတိုင်းရွေး။ ဘွားမွေးသမျှ။ ရှင်ဟောင်းရ၏။ ဒါသဗျဟု။ ပနှင့်ဒုမှာ။ ရှု၍အမှန်။ မည်သည့်ကျွန်ဟု။ ဝေဘန်ပြီးလတ်။ ဆိုဆုံးဖြတ်လော့။ ပညတ်လူထွက်။ ဖြစ်အပျက်မူ။ သားဆက်သမီး။ စပ်နီးသူထံ။ ကျွန်ခံရကား။ ဘိုးထားရင်းမျှ။ ရွေးရတုံမြောက်။ ကြေးသပေါက်ဟု။ ပွားမြှောက်တက်ခြေ။ မရွေးစေနှင့်။ ထွေထွေရာရာ။ ဥစ္စာမှုဝန်။ ထိုသည့်ကျွန်နိုက်။ ရရန်ကျရန်။ ရှိတုံထွန်လည်း။ ထိုကျွန်ခံသင့်။ သခင်နှင့်လျှင်။ ခွင့်လျည်းမစပ်။ ကင်းလပ်သင့်ကြောင်း။ ရှေးသူဟောင်းတို့။ ထုံးကောင်းဟုတ်မှန်။ ဘော်ထုတ်ညွှန်သည်။ ။ နှုတ်မွန်ညံ့ညံညှင်းညှင်း တည်း။ ၆၄ ။ ဓဇာဟတ။ ဒါသသုံးသင်း။ ကြောင်းအခြင်းကား။ စစ်တွင်းလာသူ။ ပုန်းသူသေထောက်။ ရောက်လတ်သသူ။ ဟူ၍မှတ်ဘိ။ စည်လိုက်သိလော့။ ဝန္ဒိဂါဟ။ ဟတ္တကတည့်။ ပဒုပျော်နေ။ ပြေးထွေဘော်ပါ။ လွတ်ကွာအပြစ်။ ရွေးလစ်ကိုယ်ဘိုး။ အရိုးစိုက်က။ မန္တောဇတည့်။ တနိုက်ဖြတ်ရေး။ မပြေးကိုယ်ဘိုး။ ပြေးသက်ဘိုးဆောင်။ ကျမ်းတစောင်က။ ရှောင်မရှောင်ပင်။ သက်ဘိုးတင်၏။ ချင်းတွင်မြတ်စွန်။ အစည်ကျွန်ဖြစ်သင့်။ သုံးသုံးဆင့်တို့။ ထီးနှင့်နန်းပွဲ။ လဲလျှင်ကိုသာ။ လွတ်ရာမြိတ်စုံ။ ကျွန်တလဲလဲ။ နည်းတကွဲထွန်။ ကျွန်ရှင့်အမှု။ ပြုစည်သုံ့စစ်။ ဖြစ်သုံရှင်ရ။ ရှင်ဟောင်းကရွေးစေ။ မခံချေခိုးဒဏ်။ မတော်လုံလျှင်း။ အတင်းယူက။ ခိုးဒဏ်ကျသင့်။ ချင်းဘာသာပင်။ ပြေးဝင်လာက။ ရှင်ဟောင်းရစေ။ မဝင်ချေသော်။ မခေါ်ပိုင်သင့်။ ချင်းတွက်ဖြစ်လျှင်။ ခေါ်ငင်ပိုင်စေ။ မလွတ်ချေပြီ။ လေးလီပြားထ။ ဒါသိဇတွင်။ ပနှင့်ရှင်သင့်။ မွေးလင့်သမျှ။ မရွေးရတည့်။ ခံလိုမှရွေးထွန်။ ယင်းကျွန်လွတ်သူ။

ကြည်ဖြူသခင့်။ နေလျှင်သို့မှုတ်။ ဥက္ကဋ္ဌတိ။ မသိရှိစေ။ သန္ဓေစောင့်လျှင်။ ဘွားမြင်သမျှ။ ခြေသုံးဆတွင်။ ဇကေပုမိ။ ဒွိရွေးတုံမြောက်။ နှစ်ယောက်ပုဒ်။ စုံ၍ရှိမူ။ ဓိမရွေးသာ။ ပုမှာရွေးလည်း။ ရှေးနည်းစီစည်။ အညတ္ထာပေါဟန။ သဘောကျက။ စာခင်းခင်းတည်း။ ၆၆ ။ ပြေးကျွန်ကိုလျှင်။ အသျှင်မိဘ။ ဂုက်ကပေါင်လိုက်။ ပိုင်လိုက်လုပ်ခွန်။ တောင်းထွန်ဝေးကြူး။ မြစ်ကူးထားဂုက်။ ထက်နှစ်ဆဲ။ လွန်ကဲဝေးငြား။ ငါးတက်တောင်းလစ်။ ခိုးပြစ်မကြ။ မိဘအရင်း။ ဖြစ်လျှင်းထက်မှဲ့။ ကဲ့ကျွန်ပြန်ရေး။ သုကျွန်ပြေးကို။ သင်ပေးညာဏ်ဆန်း။ ကျွန်တယောက်တွက်။ တဝက်ဖြစ်စေ။ ဂုက်ခြေခိုးပြစ်။ ဆွေမျိုးဖြစ်က။ ကျွန်ဘိုးမျှတောင်။ မှီပေါင်းကပ်ယပ်။ အရပ်တပါး။ သုကျွန်သားကို။ ရောင်းစားပေးနှင်း။ ခိုးခြင်းမကျ။ နှစ်ဆလျော်ရုံ။ လွတ်သူတုံလျက်။ သုံးဆက်စေပါ။ ခံလာကျွန်ဖြစ်။ သုကျွန်စစ်ကို။ ဝယ်လစ်ပြီးမှ။ ချွေးမသားမက်။ ဆက်စေချင်ပါ။ ဘွားရာမြိတ်စွန်။ ကျွန်ချည်းသာမှတ်။ ကွာခြားလပ်က။ ယောက္ခမဘိုးရင်း။ ရှင်းမှကွာစေ။ ကျွန်သေပြီပစ်။ သေပြစ်ပြုစု။ ကုသူသခင်။ မျှပင်ပိုင်ငြား။ နိုင်ငံခြားရာ။ ကန္တာရလွန်အောင်။ ဆောင်ပါခံကျွန်။ တောင်းပန်တွက်က။ မတားရရှင့်။ ကိုင်ထကျွန်ပေါင်။ ရှောင်ဘိုးခွန်ထိုက်။ ပြေးကျွန်မိုက်ကို။ လိုက်ဘမ်းချည်နှောင်။ ရာကရှောင်မူ။ ခံဝန်သူကင်း။ ပေါင်ရင်းကျွန်နိုက်။ ရှင်ရိုက်ပြစ်ရှိ။ ခေါင်းကွဲလက်ကျိုး။ ပေါင်ရင်းဘိုးသုံးပြု။ တစုရပ်စေ။ သေဘိုးရင်းပ။ ကျွန်ဒွထက်လျှော်။ ပြေးသောရိုက်ခပ်။ ခုပ်ဖြတ်ပစေ။ ပြစ်နေလွတ်စင်။ သေလျှင်ထက်သွင်။ သိမြင်ကျွန်ပြေး။ ထမင်းကြွေးသူ။ အပ်စေဟူ၏။ ခိုးယူဝေးကြီး။ ရောင့်ပြီးကျွန်ကို။ ထိုသို့ဆောင်ငြား။ သူအားဘိုးရင်း။ ကင်းမူဘိုးဝက်။ ပက်မှုရှင်ရ။ ကျွန်ပြေးရငွေ။ ဆတ်စေသသူ။ ခံမူခံသင့်။ မခံလင့်ချင်းက။ ကျွန်အပ်ရရိုး။ ကျွန်ခိုးလက်ခံ။ ဆက်ဆံခိုးပြစ်။ နှစ်ဦးသူဆုံး။ တပုံခံသူ။ အတူရပ်ကွက်။ မေလျက်မစေ။ ခွန်ငွေမရ။ တိဝသမြောက်။ နောက်မှကျွန်ခြေ။ မဆိုစေရာ။ သားမြေးပါကင်း။ ဘိုးရင်းကိုကား။

ပွားနှျင့်ဆပ်ရေး။ အရပ်ဝေးလည်း။ သွင်းပေးလုပ်ခွန်။ ရတုံထွန်က။ မကင်းရလှည့်။ ပြေးသည့်ကျွန်ကား။ ရှည်လျားကာလ။ ရာဇဝိပ္ပလ်။ လွန်မှတွေ့လစ်။ ကျွန်ဖြစ်မြဲတိုင်။ ဆုတ်ဆိုင်းမနေး။ ကျွန်ပြေးပြင့်ါ။ ပန္နခံယူ။ မပြုမူတည့်။ ထိုသူ၏တာ။ ပန္နလိုအား။ အလျားဝါးသည်။ စကားပျက်ပျက်။ ယွင်းယွင်းတည်း။ ၆၇ ။ မလွတ်ကျားကျွန်။ မပန်ရှင့်အား။ သင့်နေငြားသော်။ သားတေးဇက်မိ။ ဓိတေးဇက်ဘ။ တကျမ်းကမူ။ မွေးသမျှပင်။ သခင်ချည်းယူ။ သိကြားမူကား။ ညီတူပိုင်ဘိ။ ကျွန်မသိချေ။ နေလည်းညီမျှ။ ကျားမရှင်တွဲ။ ကစားပွဲတွင်။ စွဲသန္ဓေမူ။ ယူမည်မရှင်။ ဂတိတင်လျက်။ စုံဘက်ဘွားလျှင်။ ဂတိရှင်ရ။ ဥဘယသာမိ။ မသိမွေးသမျှ။ မရှင်ကချည်း။ သိတည်းဖြစ်က။ မိလိုက်ယူ။ တနည်းမူကား။ ညီတူပိုင်းရေး။ ဒွေးသာမိက။ မပေးကြဘဲ။ ကာလညောင်းမြင့်။ ပေါင်းလင့်ဘွားတုံ။ မစုံပိုမူ။ ယူမရှင်အက်။ စုံလစ်မျှညီ။ ဤတွင်မရှင်း။ အလျှင်ကောက်ရ။ မိန်းမရန်စစ်။ ဖြစ်၍ဟူထွန်။ မကျွန်ကျားလွတ်။ မလွတ်ကျွန်ကျား။ ခိုးသားခိုးဒဏ်။ လွတ်သူဝန်ပင်။ သမီးရှင်က။ သခင်အပ်သင့်။ တောင်းခွင့်လွတ်ကင်း။ ကျွန်ခြင်းဖြစ်က။ တွေ့ကာလနိုက်။ ကျားရှင်ကျခံ။ ထုံးတစ်ကား။ မလိုက်လံသူ။ လိုက်လူကျဘိတ်။ စရိတ်တကွ။ မြိတ်စွန်ကတယောက်။ ခံမြောက်းပေးနှင်း။ ကြွင်ညီမြိတ်စုံ။ ကျွန်ကျွန်ရှင်ရ။ ဤချင်းတကို။ မိသကနှင်။ မချည်းဘွားရာ။ တို့နိုက်မှာ၏။ ကျားသာနှင်နှင်။

ဘွားလျှင်ပုံတေး။ ဧမလိုက်သူ။ ဒွေးလိုက်သူတည့်။ ရည်တူလိုက်လျှင်။ စရိတ်ရှင်စရိတ်။
မြိတ်စွန်ရှိသမျှ။ မိဘလိုက်စု။ ပုတေးခိတေး။ ယင်းသို့မွေးမူ။ ဧလိုလွှဲရ။ သန္တကကို။
လွတ်ကခိုးမူ။ လွတ်သူကျခံ။ မြဲမြဲမဲ့ထွေ။ ကျွန်သေဘိုးတန်။ သုံးပြန်တောင်ထွန်။
မြတ်စွန်သပေါက်။ ကောက်ကျွန်မသေ။ ခွန်ငွေကျွန်ပါ။ အပ်ရာခိုးပြစ်။ အိမ်မှုဖြစ်၍။
လစ်စေလပ်စေ။ ကွယ်ချေကျဘိတ်။ စားရိတ်လုပ်ခွန်။ ကျွန်လည်းအပ်ရိုး။ ကျွန်ဘိုးနှစ်ဆ။
နှစ်ဆခွဲစီရင်။ လင်မဆိုရ။ သန္တကပိုင်ဝယ်။ နှစ်သွယ်မြတ်လေး။ ကာမပြေးမှား။
ရှာပေးကျားရှင်။ မရလျှင်ဘိုးတန်။ လုပ်ခွန်ပါပေး။ ဘွားမွေးသမျှ။ သန္တကရှင်ယူ။
ဟူ၏မှတ်ဘွယ်။ ပိုင်ဝယ်သန္တက။ ခိုးပြေးကလုပ်ခွန်။ ကျွန်ရှာထုတ်ကြေး။ ကြီးရှင်ပေးစေ။
ငယ်သူသေလျှင်။ သုံးခြေဘိုးတန်။ ကွယ်ကန်နှစ်ဆ။ နှစ်ဆနှစ်ခွဲ။ လျော်မြဲမှတ်ထ။
ရှယ်တူကြမူ။ ခိုးသူကဥသုံ့။ ခံတုံမယွင်း။ အစည်ချင်းမှာ။ မှုခင်းညီမျှ။ ဘွားသည်ကတည့်။
တေရသမြောက်။ မရော်မချင်း။ ငယ်စာရင်းနိုက်။ သွင်းလော့မမှား။ မယွင်းပါးသည်။ ။
တရားပျက်ပျက်ကွင်းကွင်းတည်း။ ဖ၈ ။ မိဘစည်လာ။ ကျားကပါနှင့်။ မပါစုံဝယ်။
လေးသွယ်ညွှန်ကျား။ ကျွန်မယားတွင်။ ပရှင်မလွတ်။ ကျွန်မလွတ်ချေ။ ဒုလင်သေငြား။
သားမိပါလွတ်။ ဓိဘွားလတ်က။ ဓိလွတ်မိကား။ မယားကြီးသေမှ။ လွတ်စေရ၏။ တစမူကား။
သားသမီးတည့်။ ရှိတို့ပစေ။ ကြီးသေမှလွှတ်။ လွတ်သူကျွန်မ။ ရှင်ကပေးငြား။
ငါကျွန်ကားဟူ။ နောက်ဆိုမူမင်းဒဏ်။ စေရန်ခေါ်သော်။ ငွေလျော်သတ။ ကျွန်မပျိုနု။
သမီးပြုလတ်။ ထိမ်းမြားလွတ်ပြီး။ နာဂါတ်ကျွန်ဟူ။ ဆိုမူရာငွေ။ နည်းတထွေမှတ်။
သူမြတ်ပြည်နှင့်။ ယုတ်လျှင်ခေါင်းကျား။ သား၍မြင်းဆင်။ ဘင်ကြဲတည့်ရ။ မိဘကျွန်ကျေး။
သားမြေးသင်ထွန်။ မြတ်စွန်ရှိလွှတ်။ မဲ့လတ်စေမြဲ။ သွင်းမြဲထုံးတမ်း။ ပေးကမ်းဒါသိ။
မသိသင့်လေ။ ရှင်တွေ့သွင်းသမျှ။ ပေးမှအပ်စေ။ သိနေသွင်းဆုံး။ လုံးစုံသိလော့။
ဝေး၍မပန်။ဆုံးထွန်သွင်းဝက်။ လက်ထက်ပွါးကျွန်။ ထက်ပါကျွန်မ။ သင့်ကြပွါးစီး။
သားသမီးငါးစု။ မပါဒုတည့်။ တေးပုပါယူ။ ကျန်မူစုံပွါး။ ဧက်သာဘွားက။ စုံပွားနှစ်စု။
တစုထက်ကျွန်။ ပါကျွန်ကကျား။ ပွားမနှင့်သင့်။ ဖြစ်လင့်ပွားစီး။ သားသမီးဥသုံ။
စုံပွားဖြစ်ငြား။ သားတယောက်သာ။ ဘွးရာလေးပုံ။ တပုံပါကျွန်။ ကျန်လက်ထက်ပွား။
ကျားကျားမမ။ ပါကြရင်းသူ။ သင့်မူဘွားသမျှ။ ပွားဆိုရ၏။ ပွားမှန်ကမူ။ ညီတူခွဲဝေ။
စေပေါင်ကျွန်မ။ စိတ်မျှလိုတူ။ ရှင်ယူကျွန်လတ်။ မနေလတ်က။ မမျှစိတ်လက်။
နိုင်ထက်ပြုက။ ဘိုးဝက်မျှဆုံး။ ဘိုးလုံးလည်းဟူ။ခြားသူနိုင်ထက်။ ဖျက်လျှင်ကျွန်ဘိုး။
ကျိုး၍ဆပ်ရန်။ ခံဝန်သူလွတ်မြဲ။ သုလည်ဆွဲကို။ ငကျွဲကိုယ်ကျွန်။ လွန်ရှင့်အထွက်။
တဝက်ချန်လုပ်။ ဆဲ့ငါးကျပ်လျော်ဘွယ်။ ငွေဝယ်ကိုရှင်။ သိမ်းလျှင်ပုဘွား။ သားအမိလွတ်။
ဓိလွတ်ဓိဘွား။ မယားကိုလျှင်။ လင်သေမှလွတ်ရာ။ မယားပါကျွန်မ။ နှေင်းမယားလက်တွင်။
ထွက်ဝင်ဘွားမွေး။ သားမြေးကိုကား။ နှောင်းမယားလက်ကွာ။ ထက်လင်ပါကျွန်န။
နှောင်းလင်ကပိုက်ဖျား။ သားသမိးကျွန်လွတ်။ ပြာလတ်ကျွန်မိ။ မယားကြီးကျွန်။ နှစ်မှာထွန်မူ။
ကြီးလွန်မှလွတ်စေ။ သုကျွန်ခြေကို။ ပြေးစေတုံဘိ။ ခြားသူရှိက။ ဘိုးဝက်ကျလျော်ရာ။
ကျွန်ပေါင်မှာလျှင်။ အင်္ဂါပျက်ယွင်း။ ပေါင်ရင်းသို့အပ်။ ခိုကပ်တုံလျှင်း။ ရင်းသုံးဆပြု။
နှစ်စုတွက်ပေါင်း။ အရတောင်းရှင့်။ ၄င်းကိုမျှ။ မရသမူ။ ကျွန်ပိုင်ပြုစေ။ တထွေနည်းမြွက်။
ဆယ်ရက်တွင်းတုံပြန်။ လွန်မရနိုင်။ အပိုင်ကျွန်မူ။ ဤနည်းတူဟု။ မှတ်ယူနောက်သား။

လွန်မြောက်များသည်။ ။ အပွားသက်သက်ဆင်းဆင်းတည်း။ ဖ၉။ လှေသင်းအတီ။ ထောင်ကြီးစည်ဆက်။

MWT-0036-00 to MWT-0036-36